မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၂၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း

စင်ကာပူနိုင်ငံသမ္မတ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးသွားရောက်ရန် စင်ကာပူသို့ ထွက်ခွာ

စင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးတို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသွားကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. William Chit နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးလှမြင့်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ၊ မှတ်စရာ

ငွေကျပ် ၅၀၀၀ တန် ဖုန်းကတ်စ လောလောဆယ်တွင် ဖြစ်နိုင်ခြေမရှိသေး ဆက်သွယ်မှုကွန်ရက်ကို စနစ်တကျတည်ဆောက်ရန် အချိန်များစွာလိုအပ် (စာ-၅)

စည်းကမ်းနှင့်မညီသော ယာဉ်အသစ်များ ဖေဖော်ဝါရီ ၁ ရက်မှစ၍ အရေးယူတော့မည် (စာ-၆)

မြန်မာနိုင်ငံတစ်ဝန်း ပေါင်းကူးဆက်သွယ်ပေးသည့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (စာ-၈၊ ၉)



မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်)

ရာသီသီးနှံများ တိုးချဲ့စိုက်ပျိုး ဝင်ငွေတိုး

ရေခံ၊ မြေခံကောင်းပြီး နိုင်ငံတော်အစိုးရကစိုက်ပျိုးရေးကို အထူးအလေးထားအားပေးနေခြင်းကြောင့် တောင်သူလယ်သမားတို့၏ လူမှုစီးပွားဘဝရှင်သန်ရပ်တည်မှုသည် ရှေးယခင်ခေတ်များနှင့်မတူ တိုးတက်ကောင်းမွန်လာ၏။ မြန်မာနိုင်ငံသည် ဆန်စပါးအဓိကစိုက်ပျိုးသည့် နိုင်ငံဖြစ်၏။ မကြာသေးသည့်နှစ်များကစပြီး မိုးစပါးတစ်သီးစားမှ နွေစပါးကိုပါ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာကြ၏။

ထို့အပြင် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာနှင့်ပဲအမျိုးမျိုးတို့ကိုလည်း လက်မလွတ်တမ်းစိုက်ပျိုးလာကြသည်။ နှစ်စဉ်နှစ်တိုင်း နှမ်းတွေကရ၊ ပဲတွေကစားမကုန်၊ စပါးတွေက ကျီအပြည့်မို့ တောင်သူလယ်သမားတို့၏ဘဝသည်လည်း မြင့်မားလာခဲ့သည်မှာ အားကျဖွယ်ကောင်းပါဘိ။

ယခုအခါ တောင်သူလယ်သမားတို့၏ ဘဝသည် ပို၍ကောင်းမွန်သည့် အလှည့်အပြောင်းသို့ ကူးပြောင်းရောက်ရှိလာနေပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုမူ နိုင်ငံတော်အစိုးရက ကျေးလက်ဒေသနေ တောင်သူလယ်သမားတို့၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် အထူးအလေးထား ဆောင်ရွက်ပေးနေခြင်းကြောင့်ပင်ဖြစ်၏။ အထူးသဖြင့် ရေကောင်း၊ မြေကောင်းသည့်နေရာများတွင် စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဖြူးပေးခြင်းနှင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်းတို့ကို ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိသည်။

တစ်ချိန်က လယ်သမားတို့သည် "မိုးရွာမှပျိုးသာမည်"ဆိုသည့်စကားအတိုင်း မိုးကိုမျှော်ပြီး စိုက်ကြပျိုးကြရသည်။ ယနေ့ခေတ်တွင် ထိုသို့မဟုတ်တော့။ ဆည်မြောင်းကန်ချောင်းတွေကတိုင်းဒေသကြီးများအနှံ့၊ ပြည်နယ်များအနှံ့ပေါများ၏။ မိုးသာမက ဆောင်းနှင့်နွေတို့တွင်လည်း စိုက်နိုင်ပျိုးနိုင်ကြသည်။ တစ်ချိန်တည်းမှာပင် သီပွံနည်းကျစိုက်ပျိုးရေးနည်းစနစ်သစ်တွေကိုလည်း လယ်ကွင်းများဆီသို့ အရောက်ဖြန့်ဖြူးပေးနေချိန် ဖြစ်၏။ ထို့အပြင် တစ်ဧက ရာကျော်ထွက်သည့် စပါးမျိုးကောင်းတွေကလည်း ပေါ်ထွန်းလာချိန်ဖြစ်၏။

တစ်ဖန် စပါးကိုအချိန်မီစိုက်ပျိုးနိုင်ရန်ဆိုပြီး စိုက်ပျိုးစရိတ်တွေကိုလည်း နှစ်ဆတိုးထုတ်ချေးပေးခဲ့သေးသည်။ စပါးစိုက်ပျိုးဧက တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ မှ ငွေကျပ် ၄၀၀၀၀ အထိ တိုးမြှင့်ထုတ်ချေးပေးခဲ့ခြင်းဖြစ်သည်။ ထို့အပြင် မြေဆီအတွက်လိုအပ်သည့် ဓာတ်မြေဩဇာများကိုလည်း သက်သာသောနှုန်းဖြင့် ရောင်းချပေးသေးသည်။

ယခုတစ်ဖန် ထွက်ရှိလာသည့်စပါးကို တောင်သူတွေဈေးနှိမ်မခံရရေးအတွက် အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းလိုက်ပြီဖြစ်သည်။ ယင်းကော်မတီက ဝယ်ယူမည့် စပါးဈေးနှုန်းကို ဒေသအလိုက်၊ ကာလအလိုက် သတ်မှတ်ပြီး ဝယ်ယူသွားမည်ဟုဆိုသည်။ ဧည့်မထစပါးတင်းတစ်ရာလျှင် ငွေကျပ် ၃၃၀၀၀၀ နှုန်းဖြင့် တောင်သူများထံမှ တိုက်ရိုက်ဝယ်ယူနေပြီဖြစ်ကြောင်း သိရ၏။

ထို့အပြင် အထူးအထွက်တိုး စပါးတင်းတစ်ရာလျှင် ငွေကျပ်လေးသိန်းနှုန်းဖြင့် ကြိုတင်ငွေကျပ်နှစ်သိန်းနှုန်း ထုတ်ပေးနေသည်ဆိုသည့် သတင်းမျိုးကိုလည်း ကြားရသေး၏။ တောင်သူလယ်သမားတို့အတွက် တကယ့်သတင်းကောင်းပင်ဖြစ်၏။ ဤသည်မှာ တောင်သူလယ်သမားများ ထိုက်သင့်သည့်အကျိုးအမြတ်များရရှိရေးအတွက် နိုင်ငံတော်က မပြတ်ပံ့ပိုးနေသည်ဆိုသည်မှာ ထင်ရှားလှပေ၏။

ထို့ကြောင့် တောင်သူတွေအနေဖြင့် ရေကောင်း၊ မြေကောင်း၊ အခြေအနေကောင်းတွေကို လက်လွတ်မခံဘဲ မိမိတို့၏ မိသားစုများ ဝင်ငွေတိုးပွားစေရေးအတွက် ရာသီသီးနှံများကို တစ်နှစ်ပတ်လုံးကြိုးစားစိုက်ပျိုးကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

မင်္ဂလာဒုံမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း မြဇမ္ဗူကျော် ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အမှတ် (၄)အခြေခံပညာ အလယ်တန်းကျောင်း၌မြဇမ္ဗူကျော် ကျောင်းခန်းမသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါ ခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်း ဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ မြင့်သိန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီး ဦးစိုးမင်းနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းစံအောင်တို့တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ရန်ကုန်တိုင်း ဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ မြင့်သိန်းနှင့် အမှတ်(၃)အခြေခံပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးတို့က အမှာစကားပြောကြားပြီး စုစုပေါင်း လှူဒါန်းငွေ ကျပ် ၁၅၉၉၆၃၃၁၇ သိန်း လှူဒါန်းသော အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လျှပ်စစ်ဓာတ်အား သုံးစွဲမှု သတိပြု

လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ခြင်း (Wire Shock)၊ လျှပ်စစ်ဓာတ်အား မြင့်တက်ခြင်း (Over Loading)၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများအသုံးပြုခြင်း (Use of Defective Tools and Applian)၊မီးအားထိန်းကိရိယာ (Safe Guard) ချွတ်ယွင်း၍ အလိုအလျောက် (Auto) ပြုတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများ စတင်ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုရာတွင် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများ မသုံးစွဲကြရန်၊ စံချိန် စံညွှန်းနှင့်ကိုက်ညီသည့် လျှပ်စစ်ပစ္စည်းများကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သော ပစ္စည်းများမထားရှိစေရေး၊ သတိပေးနှိုးဆော်အပ်ပါသည်။ **(မီးသတ်ဦးစီးဌာန)**

ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ လုပ်ငန်းဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်းပွဲ ဟားခါး၌ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထောင်စုရှေ့နေချုပ်နှင့်တိုင်းဒေသကြီးနှင့်ပြည်နယ်ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၏ ပထမအကြိမ် လုပ်ငန်းဆွေးနွေးပွဲအတွေ့အကြုံထပ်ဆင့်ရှင်းလင်းပွဲနှင့် ချင်းပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အတွင်းရှိ ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဥပဒေချုပ်ဦးကပ္ပတီအယ်လ်က ပြည်ထောင်စုရှေ့နေချုပ်၏ဥပဒေ၊ နည်းဥပဒေများနှင့် အမိန့်များကို ထပ်ဆင့်ရှင်းလင်းမှာကြားပြီး ပြည်နယ်ဥပဒေအရာရှိ ဦးစိုင်းမြသောင်းက ညွှန်ကြားချက်များနှင့်အညီ အကြံပေးချက်များ၊ အမှုလိုက်၊ စီမံ၊ ငွေစာရင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏နှစ်ပတ်လည်အစည်းအဝေး/ ဂုဏဝိသိဋ္ဌပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မတ်လ ၂၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီး အကောက်ခွန်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အခမ်းအနားတွင် နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ကျောက်ပန်းတောင်းဇာတိနွယ်ဖွား ဆရာတော်သုံးပါးတို့အား ဂုဏဝိသိဋ္ဌပူဇော်ခြင်း၊ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းများ ကျင်းပမည်ဖြစ်ရာ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်း မူရင်းမိတ္တူ အထောက်အထားပြည့်စုံစွာဖြင့် ဗိုလ်မှူးကြီး နေဝင်း (ငြိမ်း) ဖုန်း-၅၅၉၄၇၂၊ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း (ငြိမ်း) ဖုန်း-၄၃၀၃၃၅၊ ဦးအေးလွင် ဖုန်း-၆၆၆၄၅၆၊ ဦးရဲညွန့် ဖုန်း-၅၄၈၈၃၈၊ ဦးမောင်မောင်လှ ဖုန်း-၂၄၀၀၄၇၊ ဦးမြင့်လွင် ဖုန်း-၅၁၀၄၅၂၊ ဦးသန်းထွန်း ဖုန်း-၅၇၁၇၅၆၊ ဦးရဲမြ (ကေအမ်ဒီ) ဖုန်း-၂၉၈၂၈၁ နှင့် ဒေါ်ဆွေဆွေညိမ်း ဖုန်း-၅၆၀၈၇၄ တို့သို့အချိန်မီဆက်သွယ်စာရင်းပေးကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း(UMTA)၏ ဆဋ္ဌမအကြိမ်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက် နံနက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ရှိ ခန်းမကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားသည်။**(အောက်ပုံ)** ယင်းနောက် အသင်း ဒုတိယဥက္ကဋ္ဌ (၁) ဦးသက်လွင်တိုးက အသင်း၏နှစ်ပတ်လည် အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားတင်ပြသည်။ဆက်လက်၍ အသင်းဘဏ္ဍာရေးမှူး ဒေါ်ရီတာမြင့်က ၂၀၁၀-၂၀၁၁ ခုနှစ် အသင်း၏ ရသုံးငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး အတည် ပြုချက်ရယူသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အသင်းအတွင်းရေးမှူး ဦးတင်ထွန်းအောင်က တင်ပြချက်အဆိုများနှင့် အထွေထွေကိစ္စများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စာအုပ်စာပေ လူ့မိတ်ဆွေ

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဟောပြော

တာချီလိတ် ဇန်နဝါရီ ၂၉

တရားမဝင်သစ်ထုတ်လုပ်မှုလျော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက်က တာချီလိတ်ခရိုင် မိုင်းကိုးကျေးရွာအုပ်စု မယ်ဖုန်းလုံကျေးရွာ၌ ကျင်းပသည်။ အခမ်းအနားတွင် တာချီလိတ်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းက သစ်တောဥပဒေများ၊ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ ဦးစီးအရာရှိ ဦးထင်အောင်က တရားမဝင် သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်စေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ၂၀၁၂ ခုနှစ် မိုးရာသီမှစတင်ကာ သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းနည်းစနစ်ကိုကျင့်သုံးရေးနှင့် အကျိုးကျေးဇူးများအား ရှင်းလင်းဟောပြောကြပြီးနောက် ပညာပေးလက်ကမ်းစာစောင်များအား ဝေငှပေးခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၆ဝ)**

ရွှေဝါငါးကြင်းငါးမျိုးများ တိုးချဲ့မွေးမြူရေး ကန်ကြီးထောင့် ငါးသားဖောက်စခန်းသို့ ထောက်ပံ့ကူညီ

ကန်ကြီးထောင့် ဇန်နဝါရီ ၂၉

ကန်ကြီးထောင့်မြို့နယ် သဘော့ငူကျေးရွာရှိ တောင်သူ ဦးမန်းကျော်ရှိန်၏ ငါးသားဖောက်စခန်းငယ်သို့ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်းသည် ပုသိမ်/ ကန်ကြီးထောင့်မြို့နယ် ဦးစီးမှူး ဒေါ်စုစုထွေး၊ ပုသိမ်ငါးလုပ်ငန်း စခန်းတာဝန်ခံ ဒေါ်အေးအေးမော်၊ ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများနှင့်အတူ ဇန်နဝါရီ ၁၃ ရက် နံနက် ၈ နာရီခွဲက သွားရောက်ခဲ့ပြီး တောင်သူ ဦးမန်းကျော်ရှိန်အား ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရွှေဝါငါးကြင်း တိုးချဲ့မွေးမြူရေးအတွက် ငါးမျိုးများအား ထောက်ပံ့ကူညီပေးခဲ့ပြီး ငါးလုပ်ငန်းဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် သားဖောက်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်အား တရုတ်နိုင်ငံနှင့် Tanzania နိုင်ငံမှဧည့်သည်များတွေ့ဆုံ

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်အား တရုတ်နိုင်ငံ China Yunnan Construction Engineering Group Co., Ltd. မှ Project Executive of Myanmar Office Mr. Li Nan ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၉

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်အား တရုတ်နိုင်ငံ China Yunnan Construction Engineering Group Co., Ltd. မှ Project Executive of Myanmar Office Mr. Li Nan ဦးဆောင်သော အဖွဲ့သည် ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ လာရောက်တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အလားတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား Tanzania နိုင်ငံ အခြေစိုက်ကုမ္ပဏီဖြစ်သော Export Trading Group ဥက္ကဋ္ဌ Mr. Mahesh Patel ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် လာရောက်တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ အဖွဲ့ဝင်များဖြစ်သော အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး (ပထမတန်း)၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဦးစီးမှူး (ပထမတန်း)၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး၊ ပြည်နယ်ဥပဒေချုပ်နှင့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင်များဖြစ်သော စဝ်ခွန်ဆိုင်၊ စဝ်ခေးမောဝ်၊ စဝ်ကျော်လှ၊ အဖွဲ့ဝင်များဖြစ်သော စဝ်ထင်မိန်း၊ စဝ်ဆေပိန်ဖတို့သည် ပြည်နယ်အဆင့် ပဏာမ တွေ့ဆုံဆွေးနွေးပွဲတွင် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံညှိနှိုင်းဆွေးနွေးကြပြီး သဘောတူညီချက် (၅)ချက်ကို ရှမ်းပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ရှမ်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ ခေါင်းဆောင်သော အဖွဲ့ဝင်(၅)ဦးနှင့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ဗဟိုကော်မတီဝင် စဝ်ခွန်ဆိုင်ခေါင်းဆောင်သော အဖွဲ့ဝင်(၅)ဦးတို့က လက်မှတ်ရေးထိုးကြပြီး နှစ်ဖက်ခေါင်းဆောင်များ အပြန်အလှန်လဲလှယ်ကြသည်။

ပြည်နယ်အဆင့် ပဏာမသဘောတူညီချက်(၅)ချက်မှာ-

(၁) တပ်မတော်နှင့် ရှမ်းပြည်နယ် တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော်တို့အကြား အပစ်အခတ်ရပ်စဲရန် သဘောတူသည်။

(၂) ရှမ်းပြည်နယ်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော်တပ်ဖွဲ့များကို ဝမ်ဟိုင်းတွင်အခြေပြု၍ လက်ရှိဖြန့်ခွဲထားသောနေရာများ၌ ယာယီအခြေပြုနေထိုင်ရန် သဘောတူသည်။

(၃) နှစ်ဖက်အပြန်အလှန် ပြောဆိုဆက်ဆံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် တောင်ကြီး၊ လားရှိုး၊ ခိုလန်နေရာများတွင် နှစ်ဖက်သဘောတူညီသော ပုဂ္ဂိုလ်များဖြင့် ဆက်ဆံရေးဌာန၊ စခန်းများကို ထူထောင်မည်။ ထပ်မံ၍ လိုအပ်သောနေရာများတွင် ဆက်လက်ဖွင့်လှစ်သွားရန် ညှိနှိုင်းဆွေးနွေးသွားမည်။

(၄) နှစ်ဖက်သဘောတူညီထားသော နယ်မြေများမှအပ နယ်မြေကျော်လွန်လက်နက်ကိုင်ဆောင်သွားလာမှုများကို နှစ်ဖက်ကြိုတင်ညှိနှိုင်းပြီး ဆောင်ရွက်မည်။

(၅) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ(SSPP)မှ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် နှစ်ဖက်သဘောတူညီသောနေရာ၊ သဘောတူညီသောအချိန်ကာလတွင် တွေ့ဆုံ၍ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တပ်ဖွဲ့ဝင်များအခြေချနေထိုင် လုပ်ကိုင်စားသောက်နိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဆက်လက်ဆွေးနွေးရန် သဘောတူသည်ဟူ၍ ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးအောင်သောင်းခေါင်းဆောင်သော အဖွဲ့ဝင်(၆)ဦးနှင့် ရှမ်းပြည်နယ် တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် စဝ်ခေးတိုင်းခေါင်းဆောင်သောအဖွဲ့ဝင်(၆)ဦးတို့သည် သဘောတူညီချက်(၅)ချက်ကို လက်မှတ်ရေးထိုးပြီး အဖွဲ့ခေါင်းဆောင်များ အပြန်အလှန် လဲလှယ်ကြသည်။ ပြည်ထောင်စုအဆင့် သဘောတူညီချက်(၅)ချက်မှာ-

(၁) ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့က တောင်ကြီးမြို့တွင် ရှမ်းပြည်နယ်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ (SSPP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ လက်မှတ်ရေးထိုးခဲ့ကြသော ငြိမ်းချမ်းရေးတည်ဆောက်ရန် ပဏာမသဘောတူညီချက်ကို အတည်ပြုရန် သဘောတူသည်။

(၂) ပင်လုံစိတ်ဓာတ်ကိုအခြေခံ၍ ပြည်ထောင်စုမပြိုကွဲအောင် ပူးပေါင်းတည်ဆောက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲအောင် ပူးပေါင်းတည်ဆောက်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲအောင် ပူးပေါင်းတည်ဆောက်ရေးတို့ကို ထာဝစဉ်ကြိုးပမ်းဆောင်ရွက်သွားရန် သဘောတူသည်။

(၃) နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ (SSPP) မှ အဖွဲ့ဝင်များနှင့်မိသားစုများ အခြေချနေထိုင်လုပ်ကိုင် စားသောက်နိုင်ရေး၊ လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ အစိုးရနှင့်ပူးပေါင်းပြီး ဆောင်ရွက်သွားရန် သဘောတူသည်။

(၄) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများကင်းစင်ပပျောက်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူသည်။

(၅) ဆက်လက်ပြီးထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သွားရန်ဟူ၍ ဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတကြီးမှ ပေးအပ်လိုက်သော ဆန်အိတ် ၅၀၀ ၊ Solar Lamp ၅၀၊ Sky Net ရုပ်သံဖမ်းစက် အစုံ ၂၀ တို့ကို အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များက ပေးအပ်ကြရာ ရှမ်းပြည်နယ်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် စဝ်ခေးတိုင်း၊ စဝ်ခွန်ဆိုင်နှင့် အဖွဲ့ဝင်များက လက်ခံကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကျင်းပ

၂၀၁၀-၂၀၁၁ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော မောင်ရဲထူးကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်မြင့်မြင့်စန်း ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း၏ (၂၀၁၀-၂၀၁၁) ပညာသင်နှစ် တက္ကသိုလ်ဝင်၊ အဋ္ဌမတန်း၊ နဝမတန်းစာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဆုနှင်းသဘင်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ကျောင်း၏ ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာပြေသိန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမြင့်မြင့်စန်းနှင့် ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ မိဘဆရာအသင်း အမှုဆောင်များနှင့်မိဘများ စုံညီစွာ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် တက္ကသိုလ်ဝင်တန်းအောင် မြန်မာတစ်နိုင်ငံလုံး စတုတ္ထမှ ဒသမအထိ ထူးချွန်ဆုရရှိသူ ကိုးဦး၊ မြန်မာစာဘာသာရပ်တွင် ဒုတိယနှင့် တတိယအမှတ်အများဆုံးရရှိသူ နှစ်ဦးတို့အား ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦးက ဆုချီးမြှင့်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာစုံဂုဏ်ထူးရှင် ၃၄ ဦးနှင့် အခြားဂုဏ်ထူးရှင်များအား ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဧည့်သည်တော်များ၊ မိဘဆရာအသင်းအမှုဆောင်များက ဆုများအသီးသီး ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(ပညာရေး)**

ဇန်နဝါရီ ၂၇ ရက်က လှိုင်မြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း ထ/ခွဲလှိုင်၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း ဘက်စုံပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ပထမတန်းတွင် ပထမဆုရရှိသော မောင်ပိုင်စိုးအား ဆရာမကြီး ဒေါ်မာလာရီ ဆုချီးမြှင့်စဉ်။ (၁၂၂)

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် စက်ချုပ်သင်တန်းဆင်းပွဲကို ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဇန်နဝါရီ ၂၆ ရက်က ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့် အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

❒ *ကျောဖုံးမှ*

ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပါက ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန် သုံးဖြုန်းသည့်စရိတ်ကို လျှော့ချပြီး ဝင်ငွေတိုးတက်ရရှိရေးအတွက် ကြိုးစားဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ တိုးတက်လာစေပြီး ကုန်ထုတ်လုပ်သူထံမှ စားသုံးသူထံသို့ ဈေးနှုန်းသက်သာစွာဖြင့် မြန်မြန်ဆန်ဆန် ရောက်ရှိရေး ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ စိတ်တူကိုယ်တူ ပူးပေါင်းဆောင်ရွက်တတ်သည့် လူ့အဖွဲ့အစည်းစနစ် တည်ထောင်နိုင်ရေးအတွက် သမဝါယမ နည်းလမ်းများဖြင့် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ရှင်းလင်းပြောကြား

အစိုးရအနေဖြင့် ပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ လုပ်ငန်းများ အဆင်ပြေရေးအတွက် စည်းမျဉ်းစည်းကမ်း၊ ဥပဒေများကို ဖြေလျှော့ပေးခြင်း၊ ပယ်ဖျက်ပေးခြင်းနှင့် အသစ်ရေးဆွဲသင့်သည်များကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိတတ်ကျွမ်းသည့်အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံများဖြင့် ပြည်သူများအပေါ် စိတ်ကောင်း စေတနာကောင်းထားရှိပါက ပြည်သူများကလည်း ဝန်ထမ်းများအပေါ် အပြန်အလှန် ယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် အစိုးရသစ်လက်ထက်တွင် စိတ်သစ်လူသစ်ဖြင့် ပွင့်ပွင့်လင်းလင်း ရဲရဲဝံ့ဝံ့တွေးခေါ်ပြီး ဆောင်ရွက်ရန် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သမဝါယမဘဏ်လီမိတက်သို့ သွားရောက်၍ ဘဏ်လုပ်ငန်းများကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်လုပ်ထုံးလုပ်နည်း စည်းမျဉ်းများအတိုင်း ဆောင်ရွက်ရန်၊ ငွေလွှဲ၊ ငွေသွင်း၊ ငွေထုတ်လုပ်ငန်းများကို စနစ်တကျ လျင်လျင်မြန်မြန် ဆောင်ရွက်သွားရန် ဝန်ထမ်းများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်းတို့သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာ စိုက်ပျိုးမွေးမြူရေးစခန်းရှိ ပေါင်းစည်း လယ်ယာစိုက်ပျိုးရေးခြံ၊ ကြက်မွေးမြူရေးခြံ၊ ဝက်မွေးမြူရေးခြံ၊ ငါးမွေးမြူရေးကန်၊ ဘဲမွေးမြူရေးခြံ၊ Bio gas ထုတ်လုပ်မှုနှင့် ကြက်သားပေါက်ထုတ်လုပ်မှုတို့ကို လည်းကောင်း၊ ညောင်ရွှေမြို့နယ်ရှိ ပုဂ္ဂလိက နွားမွေးမြူရေးခြံသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖလင်းတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် မလိခအိမ်ရာ အမှတ် (၈) ဒေလီယာလမ်းနေ ဦးဝင်းမောင်၊ ဦးကိုကိုမောင်နှင့် ဒေါ်နန်းခမ်းယဉ်တို့အား ရည်စူး၍ ဒေါ်တင်အောင်မိသားစုမှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ အဖွဲ့ဝင်ဒေါက်တာ ဦးလှမြင့်အောင် လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

တာလီဘန်ထိပ်တန်းကိုယ်စားလှယ်အဖွဲ့ အမေရိကန်နှင့်ဆွေးနွေးရန် ကာတာသို့ရောက်ရှိ

ဒိုဟာ ဇန်နဝါရီ ၂၉

ကာတာနိုင်ငံရှိ တာလီဘန်ရုံးက လုပ်ငန်းလည်ပတ်လျက်ရှိကြောင်း ထပ်မံရရှိသည့်သတင်းများက ဖော်ပြနေစဉ် တာလီဘန်ထိပ်တန်းအဖွဲ့ဝင်များပါသည့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် အမေရိကန်တို့နှင့်တွေ့ဆုံဆွေးနွေးရန် ကာတာနိုင်ငံသို့ ဇန်နဝါရီ ၂၈ ရက်က ရောက်ရှိလာကြောင်း အင်တာနက်သတင်းတွင်ဖော်ပြသည်။ **(ယာပုံ)**

ပြောကြား

ကာတာရှိ တာလီဘန်ရုံးက အမေရိကန်၊ အာဖဂန်နစ္စတန်အစိုးရတို့နှင့် ဆွေးနွေးရန် စတင်ပြင်ဆင်နေပြီဖြစ်ကြောင်း၊ ယခုအခါ အာဖဂန်ငြိမ်းချမ်းရေး ထိပ်တန်းစေ့စပ်ရေးသမားဖြစ်သူ တာလီဘန် ခေါင်းဆောင်ဟောင်း မော်လဝီရာမာနီက ပြောကြားသည်။

တာလီဘန်တို့ အာဖဂန်နစ္စတန်နိုင်ငံ၏ နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန် အသင့်ဖြစ်နေပြီဟုလည်း မော်လဝီရာမာနီကပြောကြားသည်။

ဆွေးနွေး

အမေရိကန်၊ တာလီဘန်၊ ဂျာမန်နှင့် ကာတာကိုယ်စားလှယ်များသည် ၂၀၁၁ ခုနှစ်အစောပိုင်းက လျှို့ဝှက်ဆွေးနွေးပွဲများစတင်ခဲ့ပြီး ဆက်လက်၍အပြုသဘော ဆွေးနွေးပွဲများပြုလုပ်ဖွယ်ရှိကြောင်း ၎င်းကပြောကြားသည်။ **(အင်တာနက်)**

ဂျပန်နိုင်ငံ၌ ကားတိုက်မှု တစ်ဦးသေဆုံးပြီး ၂၁ဦးဒဏ်ရာရ

အိုဆာကာ ဇန်နဝါရီ ၂၉

ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ကူမာမာတိုစီရင်စု၌ ဇန်နဝါရီ ၂၈ ရက် နံနက်က ဂျပန်စစ်ကားတစ်စီးနှင့် ခရီးသည်တင် ဘတ်စ်ကားတစ်စီးတို့ တိုက်မိရာ၌ တစ်ဦးသေဆုံးပြီး ၂၁ ဦး ဒဏ်ရာရရှိသွားကြောင်း ဂျပန်သတင်းစာများက ဖော်ပြသည်။

တိုက်မိ

ယာဆူရှီရိုမြို့အနီး ကျူရှူးလမ်းမကြီးပေါ်ရှိ ဥမင်လိုဏ်အတွင်းတွင် ခရီးသည် ၄၀ တင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီးနှင့် စစ်ကားတစ်စီးတို့ ဇန်နဝါရီ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၃၅ မိနစ်ခန့်တွင် တိုက်မိသည်။ ဘတ်စ်ကားစပယ်ယာ သေဆုံးပြီး ခရီးသည် ၂၁ဦး ဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရသူတစ်ဦးမှာ ဒဏ်ရာပြင်းထန်သည်ဟုဆို၏။ စစ်ကားက လမ်းကြောင်းပြောင်းမောင်းလိုက်စဉ် ကားနှစ်စီးတိုက်မိခြင်းဖြစ်ကြောင်း စစ်ကားပေါ်လိုက်ပါသူတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များ တာလီဘန်တို့လောက် လက်နက်မပြည့်စုံ

ကဘူးလ် ဇန်နဝါရီ ၂၉

အာဖဂန်နစ္စတန်အစိုးရတပ်ဖွဲ့ဝင်များ ကိုင်ဆောင်သည့်လက်နက်များထက် အကြမ်းဖက်သမားတို့ကိုင်သည့်လက်နက်များက သာလွန်ပြည့်စုံ ကောင်းမွန်သဖြင့် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းမှ ဒေသခံများက အစိုးရတပ်များ၏ တိုက်စွမ်းရည်အပေါ် စိုးရိမ်နေကြသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ဝဲပုံ)**

စိုးရိမ်

အကြမ်းဖက်သမားများအား တိုက်ခိုက်ချေမှုန်းရန် အာဖဂန်နစ္စတန်တပ်မတော်နှင့် ရဲတပ်ဖွဲ့သို့ပေးသည့် လက်နက်အမျိုးအစားအပေါ် စိုးရိမ်ကြောင်း နန်ဂါဟာပြည်နယ်မြို့တော် ဂျာလာလာဘတ် မြို့သူ မြို့သားများက ပြောကြားသည်။

နေတိုးတပ်ဖွဲ့ဝင်များက အာဖဂန်နစ္စတန်တပ်များအား လုံခြုံရေးတာဝန်လွှဲအပ်ပြီးနောက် တာလီဘန်အကြမ်းဖက်သမားများအား ချေမှုန်းရန် အာဖဂန်နစ္စတန်တပ်များတွင် လက်နက်အလုံအလောက်မရှိကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၂၉-၁-၂၀၁၂)

>> တင်မောင်လွင် - စုစည်းသည် <<

ပါကစ္စတန်စစ်တက္ကသိုလ် ဒုံးကျည်ဖြင့်အပစ်ခံရ၍ပျက်စီး

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာပထန်ခွာ ပြည်နယ်ရှိ ပါကစ္စတန်စစ်တက္ကသိုလ်ကို အမည်မသိအကြမ်းဖက်သမားများကပစ်ခတ်၍ စစ်တက္ကသိုလ်၏ အပြင်နံရံများပျက်စီးသွားကြောင်း ဇန်နဝါရီ ၁၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါပြည်နယ် အကော့တဘတ်မြို့ရှိ စစ်တက္ကသိုလ်ကို အကြမ်းဖက်သမားများက ဇန်နဝါရီ ၂၆ ရက် နံနက်တွင် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ထိုမြို့ရှိ ထိပ်တန်းအစိုးရအရာရှိ ဟူစိန်ရှားက ပြောကြားသည်။ စစ်တက္ကသိုလ်မှာ ၂၀၁၁ခုနှစ်မေလအတွင်းက အမေရိကန်ကွန်မန်ဒိုများ၏စစ်ဆင်ရေးတွင် သေဆုံးသွားခဲ့သော အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင် သေဆုံးသည့်နေရာမှ မီတာ ၅၀၀ ခန့်အကွာတွင်တည်ရှိသည်။ စစ်တက္ကသိုလ်ကို တိုက်ခိုက်သော်လည်း ထိခိုက်သေဆုံးမှုမရှိဘဲ ယင်းအဆောက်အအုံ၏နံရံများသာလျှင် ထိမှန်ပျက်စီးသွားခဲ့သည်။

တူရကီ ဂါဇင်တက်ပြည်နယ်တွင် အဆိပ်ငွေ့ရှူပြီး ငါးဦးသေဆုံး

တူရကီနိုင်ငံ အရှေ့တောင်ပိုင်း ဂါဇင်တက်ပြည်နယ်အတွင်း ကာဘွန်မိုနောက်ဆိုက်အပူပေးကိရိယာအဆိပ်သင့်ပြီး ဇန်နဝါရီ ၂၇ ရက်က မိသားစုလေးစုမှ ငါးဦး သေဆုံးကြောင်း အစိုးရအာဘော်တစ်ပိုင်းဖြစ်သည့် အနာတိုလီယာသတင်းဌာနက ထုတ်ပြန်ကြေညာသည်။ ဂါဇင်တက်ပြည်နယ် နီဇစ်ခရိုင်ရှိ လူနေအိမ်တွင် ငါးဦးသေဆုံးနေသည်ကို ဆွေမျိုးတစ်ဦးက ပထမဆုံးတွေ့ရှိခြင်းဖြစ်ကြောင်း သတင်းတွင်ထပ်မံဖော်ပြသည်။ သေဆုံးနေသည့်အလောင်းများကို ဘီရီစစ်ပြည်နယ်ဆေးရုံသို့ တင်ပို့လိုက်ပြီး ယင်းအမှုအတွက် စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု သိရသည်။

၂၀၁၁ ခုနှစ်၌ အင်ဒိုနီးရှားလေကြောင်းခရီးသည် ၁၅ ရာခိုင်နှုန်းမြင့်တက်

အင်ဒိုနီးရှားနိုင်ငံ၌ ပြီးခဲ့သည့်နှစ်အတွင်း လေယာဉ်ခရီးသည်ဦးရေမှာ ၆၆ သန်းကျော် (၁၅ ရာခိုင်နှုန်း)တိုးတက်လာကြောင်း၊ ယင်းမှာ အရှေ့တောင်အာရှတွင် စီးပွားရေးအင်အားအကြီးဆုံးဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ညွှန်ပြနေခြင်းဖြစ်သည်ဟု ဂျကာတာပို့စ်သတင်းစာက ဇန်နဝါရီ ၂၇ ရက်တွင်ဖော်ပြသည်။ ၂၀၁၁ ခုနှစ်အတွင်း လေယာဉ်ဖြင့်သွားလာသည့် ပြည်တွင်းနှင့်နိုင်ငံတကာလေယာဉ်စီးခရီးသည်ပေါင်းမှာ ၅၈ ဒသမ ၈၄ သန်းနှင့် ၇ ဒသမ ၂ သန်း အသီးသီးရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်မှုဦးစီးဌာန ညွှန်ကြားရေးမှူး ဂျိုကိုမာဂျာမိုဂျိုက ပြောကြားသည်။

လစ်ဗျားကမ်းခြေ၌ ကူးတို့ရေယာဉ်တိမ်းမှောက်၊ ၁၅ ဦးသေဆုံး

လစ်ဗျားနိုင်ငံအနောက်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သည့် မစ်ရာတာကမ်းခြေတွင် ဥရောပဘက်ကမ်းသို့သွားသည့် ကူးတို့ရေယာဉ်တစ်စင်း တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ဆိုမာလီခရီးသည် အနည်းဆုံး ၁၅ ဦးသေဆုံးခဲ့ကြောင်း ဆိုမာလီသံအမတ်ကြီး၏ ပြောကြားချက်ကို ပြင်သစ်အေဂျင်စီသတင်းဌာနက ဇန်နဝါရီ ၂၈ ရက်တွင် သတင်းဖော်ပြသည်။ ဆိုမာလီနိုင်ငံသား ၅၅ ဦးတင်ဆောင်လာသည့် အဆိုပါ ကူးတို့ရေယာဉ်သည် ဇန်နဝါရီ ၂၅ရက်က ဥရောပဘက်သို့အသွား မတော်တဆဖြစ်ပွားမှုကြောင့်တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းနေ့က အဆိုပါကမ်းခြေတွင် ရှာဖွေမှုများပြုလုပ်ခဲ့ရာ ကလေးတစ်ဦး၊ အမျိုးသမီး ၁၂ ဦးအပါအဝင် အလောင်း ၁၀ လောင်းအား ရှာဖွေတွေ့ရှိခဲ့ကြောင်း ဆိုမာလီသံအမတ်ကြီး အဘာတ်ဒယ်ဟာမီဝေစ်က ပြောကြားသည်။ *(အင်တာနက်)*

နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

ပီရူးနိုင်ငံရှိ ပြန်လည်ထူထောင်ရေးဆေးရုံမီးလောင်၊ လူနာ ၂၆ ဦးသေဆုံး

လီမာ ဇန်နဝါရီ ၂၉

ပီရူးနိုင်ငံရှိ မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် အရက်သောက်သူများအတွက် ပြန်လည်ထူထောင်ရေးဆေးရုံတစ်ရုံတွင် ဇန်နဝါရီ ၂၈ ရက်က မီးလောင်မှုဖြစ်ပွားရာ လူနာ ၂၆ ဦးသေဆုံးခဲ့ကြောင်း ပီရူးမီဒီယာများက ဇန်နဝါရီ ၂၉ ရက်၌ ဖော်ပြသည်။ **(အောက်ပုံ)**

စစ်ဆေး

ဖြစ်ပွားမှုမှာ အဆိုပါ ပြန်လည်ထူထောင်ရေးဆေးရုံမှ လူနာနှစ်ဦးက ဆေးရုံမှထွက်ပြေးရန်ကြိုးစားရာတွင် စတင်မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ ၎င်းဆေးရုံမှာ ပီရူးနိုင်ငံ လီမာမြို့တော်တွင်တည်ရှိသည်။

သေဆုံးသူအများစုမှာ မီးခိုးများမွန်းကျပ်မှုကြောင့်ဖြစ်ကြောင်း၊ ယင်းဆေးရုံမှာ ပုဂ္ဂလိကဆေးရုံတစ်ရုံဖြစ်ပြီး ခွင့်ပြုမိန့်လိုင်စင်ဖြင့် တရားဝင်ဖွင့်လှစ်ကုသနေသည့် ဆေးရုံဖြစ်သော်လည်း လိုအပ်သည့် စစ်ဆေးအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း လီမာမြို့တော်ဝန် ဆူဆာနာဗီလာရန်က ပြောကြားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံသား လမ်းလုပ်သား ၂၉ ဦး ဆူဒန်နိုင်ငံ၌ ပြန်ပေးဆွဲခံရ



တောင်ကော်ဒိုဖန်(ဆူဒန်) ဇန်နဝါရီ ၂၉

ဆူဒန်နိုင်ငံ တောင်ကော်ဒိုဖန်ဒေသ၌ ဇန်နဝါရီ ၂၉ ရက်က ဆူဒန်လက်နက်ကိုင်နှင့် စစ်တပ်တို့ တိုက်ပွဲဖြစ်ပွားပြီးနောက် တရုတ်နိုင်ငံသား ၂၉ ဦးအား လက်နက်ကိုင်အဖွဲ့က ပြန်ပေးဆွဲသွားခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ တရုတ်နိုင်ငံသား အလုပ်သမားများသည် လုံခြုံဘေးကင်းပြီး ကျန်းမာစွာနေထိုင်လျက်ရှိကြောင်း ဆူဒန်ပြည်သူ့မြောက်ပိုင်း လွတ်မြောက်ရေးလှုပ်ရှားမှု လက်နက်ကိုင်အဖွဲ့က ပြောကြားသည်။ ဆူဒန်နိုင်ငံ လမ်းဖောက်လုပ်ရေးအလုပ်သမားအချို့မှာ ပျောက်ဆုံးလျက်ရှိကြောင်း၊ သို့သော် အရေအတွက်မည်မျှရှိမည်ကို မသိသေးကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။ တောင်ကော်ဒိုဖန်ဒေသသည် တောင်ဆူဒန် ဆူဒန်နိုင်ငံမှ ပြီးခဲ့သည့်နှစ် ဇူလိုင်လတွင် ခွဲထွက်သွားပြီးကတည်းက ပဋိပက္ခများဖြစ်ပွားနေသော နေရာသုံးနေရာအနက် တစ်ခုဖြစ်သည်။ တရုတ်နိုင်ငံသား အလုပ်သမားများသည် ယင်းဒေသ၌ လမ်းဖောက်လုပ်ရေးစီမံကိန်းများတွင် အလုပ်လုပ်ကိုင်နေကြသူများဖြစ်သည်။ **(အင်တာနက်)**

အင်ဒိုနီးရှား၌ လေဆင်နှာမောင်းတိုက်ခတ် သေဆုံးဒဏ်ရာရမှုနှင့် အိမ်ပျက်စီးမှုများဖြစ်ပေါ်

ဂျကာတာ ဇန်နဝါရီ ၂၉

အင်ဒိုနီးရှားနိုင်ငံတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ၁၄ ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိကာ အိမ်ခြေပေါင်း ၂၃၆၄လုံး ပျက်စီးခဲ့ကြောင်း အင်ဒိုနီးရှားအရာရှိများက ဇန်နဝါရီ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။ ၎င်းလေဆင်နှာမောင်းသည် ဂျာဗားနှင့်ဘာလီကျွန်းများရှိ အဓိကမြို့ကြီးများ၌ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားအမျိုးသား သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲရေးဌာန အကြီးအကဲ ဆူတိုပိုပူရာဝိုနူဂရိုဟိုက ပြောကြားသည်။ **(ယာပုံ)**

အဆိုပါ လေဆင်နှာမောင်းသည် ပြီးခဲ့သည့်လေးရက်ခန့်မှ စတင်တိုက်ခတ်ခဲ့ခြင်းဖြစ်ရာ နေရာအနှံ့အပြားသို့ ဝင်ရောက်တိုက်ခတ်မှုကြောင့် သေဆုံးမှု၊ ဒဏ်ရာရမှုနှင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး ➤ စုစည်းသည်



အသက်အရွယ်ကွာဟမှုက အဓိကမဟုတ် အချစ်ကအဓိကဟု ဂျင်နီဖာလိုပက်ဇ်ဖွင့်ဟ

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၉

အချစ်သည် အသက်ကြီးသည်၊ ငယ်သည် မရှိဘူးလို့ အဆိုတော်နဲ့ ရုပ်ရှင်သရုပ်ဆောင် ဂျင်နီဖာလိုပက်ဇ်က သူနဲ့ လူငယ်အဆိုတော်လေးတစ်ဦးတို့ရဲ့ ချစ်ကြိုက်နေမှုနဲ့ ပတ်သက်ပြီး တွစ်တာ လူမှုရေးဝက်ဘ်ဆိုက်မှတစ်ဆင့် ပြောကြားလိုက်ပါတယ်။ **(ဝဲပုံ)**

ဂျင်နီဖာလိုပက်ဇ်ဟာ မတ်အန်ထော်နီနဲ့ လမ်းခွဲပြီးတဲ့နောက် အန်ထော်နီထက်ငယ်တဲ့ အဆိုတော်ကောင်လေးတစ်ယောက်နဲ့ လက်ရှိတွဲနေပါပြီ။ သူ့နာမည်ကတော့ ကက်ဆာစမတ်တဲ့။ အသက်က ၂၄ နှစ်ပဲရှိသေးတယ်။ သူက On the Floor လို့ အမည်ရတဲ့ အယ်လ်ဘမ်နဲ့ နာမည်ကြီးလာတဲ့ အဆိုတော်လေးပါ။ ဒါနဲ့ ပတ်သက်ပြီး အသက် ၄၂ နှစ်ရှိပြီဖြစ်တဲ့ မင်းသမီးဂျင်နီဖာလိုပက်ဇ်ကို ဝေဖန်နေကြပါတယ်။

"ကျွန်မနဲ့ ကျွန်မရဲ့ချစ်သူတို့ အသက်ဘယ်လောက်ကွာပါစေ၊ အဓိကမဟုတ်ပါဘူး။ အဓိကက သူနဲ့ကျွန်မတို့ရဲ့ ချစ်ခြင်းမေတ္တာက ပိုပြီးအရေးကြီးပါတယ်"လို့ ပြောခဲ့ပါတယ်။ **(အင်တာနက်)**

သရုပ်ဆောင် ကင်းကာဒက်ရှန် ရုပ်သံဇာတ်လမ်းတွဲရိုက်မည်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၉

အမေရိကန် နာမည်ကြီးသရုပ်ဆောင် ကင်းကာဒက်ရှန် **(ယာပုံ)** ဟာ Drop Dead Diva လို့ခေါ်တဲ့ ရုပ်သံဇာတ်လမ်းတွဲမှာ ပြန်လည်သရုပ်ဆောင်တော့မှာ ဖြစ်တဲ့ အကြောင်း ပရိသတ်တွေကို အတိအလင်း ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဒီဇာတ်ကားဟာ ဒရာမာဇာတ်မြူးကားဖြစ်ပြီး သူမရဲ့ စတုတ္ထမြောက်ကားဖြစ်ပါတယ်။ သူမဟာ ဒီဇာတ်ကားမှာ ဘရုတ်ကီဒီအော်ဆေးနဲ့အတူ တွဲဖက်သရုပ်ဆောင်ထားပါတယ်။ ကင်းကာဒက်ရှန်ဟာ ဒီဇာတ်ကားမှာ သေဆုံးသွားသူ မော်ဒယ်တစ်ဦးရဲ့ ဝိညာဉ်ကိုဝင်ပူးပြီး ရှေ့နေတစ်ဦးအဖြစ် သရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်ကားကို လာမယ့်နွေရာသီမှာ ရုံတင်ပြသနိုင်မယ်လို့ဆိုပါတယ်။

ဒီဇာတ်ကားမှာ သရုပ်ဆောင်ရတာ အလွန်စိတ်လှုပ်ရှားမိတဲ့အကြောင်း ကင်းကာဒက်ရှန်က သူမရဲ့ ဝက်ဘ်ဆိုက်မှာ ရေးသားထားပါတယ်။

သူမရဲ့အလှဟာ ပုရိသယောကျ်ားသားများရဲ့စိတ်ကို ဆွဲဆောင်မှုအပြည့်အဝရှိနေပြီး ပီပြင်တဲ့ သရုပ်ဆောင်ကွက်တွေကြောင့် လူကြိုက်များမယ့်ဇာတ်ကားတစ်ကား ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ထားကြောင်း ရုပ်ရှင်ကားထုတ်လုပ်သူ ဂျို့စ်ဘားမန်းက ပြောပါတယ်။ **(အင်တာနက်)**

ငွေကျပ်၅၀၀၀ တန် ဖုန်းကိစ္စ လောလောဆယ်တွင်ဖြစ်နိုင်ခြေမရှိသေး ဆက်သွယ်မှုကွန်ရက်ကိုစနစ်တကျတည်ဆောက်ရန်အချိန်များစွာလိုအပ်

နေပြည်တော် ဇန်နဝါရီ ၂၉

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက နှစ်သိန်းခွဲ၊ သုံးသိန်းတန် မိုဘိုင်းဖုန်းများ ပေးတော့မည်ဆိုသည့် သတင်းကို ငွေကျပ် ၅၀၀၀ တန် SIM CARD ရောင်းမည်ဟူသည့် သတင်းက လွှမ်းမိုးသွားသည်။ ဖုန်းပြောခမှာလည်း မြို့တွင်း ၂၅ ကျပ်၊ နယ်ဝေး ၃၀ ကျပ်ဟု ဆိုထားသဖြင့် လူတိုင်း ဤသတင်းကို စိတ်ဝင်စားကြသည်။ တစ်ဖက်တွင်လည်း ၅၀၀၀ ကျပ်တန် SIM CARD ရောင်းမည့် သတင်းကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဖြစ်နိုင်ခြေမရှိသည့် သတင်းဟုလည်း ဆိုထားပြန်သည်။

၅၀၀၀ ကျပ်တန် SIM CARD စတင်ထည့်၍ လက်ကိုင်ဖုန်း အသုံးပြုလိုသူမှာ လူတိုင်းဖြစ်သည်။ ဆိုက်ကားဆရာလည်း စိတ်ဝင်စားသည်။ ဈေးသည်လည်း စိတ်ဝင်စားသည်။ ဝင်ငွေနည်းဝန်ထမ်းလည်း စိတ်ဝင်စားသည်။ ငွေကျပ် ၁၅ သိန်းတန်၊ ၅ သိန်းတန်ဖုန်းများကို အနားမသီနိုင်ခဲ့သူများ ပိုစိတ်ဝင်စားမည်ဆိုလျှင် လွန်မည်မထင်။

ယနေ့ ဇန်နဝါရီ ၂၉ ရက် နံနက်တွင် ပုဇွန်တောင်မြို့နယ်ရှိ ဆက်သွယ်ရေးသင်တန်းကျောင်း၌ ငွေကျပ် ၅၀၀၀ တန် SIM CARD ရှင်းလင်းပွဲရှိမည်ဟု သိရသဖြင့် အဆိုပါ သင်တန်းကျောင်းသို့ ရောက်ခဲ့သည်။ နံနက် ၉ နာရီခွဲခန့်တွင် ကျင်းပသည့်အခမ်းအနားသို့ SIM CARD ရောင်းမည့် ရွှေပြည်တံခွန်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အင်ဂျင်နီယာချုပ်များ၊ စာနယ်ဇင်းသမားများ၊ သင်တန်းခန်းမ အပြည့်နီးပါး တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေပြည်တံခွန်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးလွင်နိုင်ဦးက ငွေကျပ် ၅၀၀၀ တန် SIM CARD ရောင်းမည့်ကိစ္စ၊ လူတိုင်းဈေးနှုန်းသက်သာစွာဖြင့် မိုဘိုင်းဖုန်းသုံးနိုင်ရန် စီစဉ်ထားသည့် ကိစ္စကို စိတ်အားထက်သန်စွာ ရှင်းပြသည်။ "ကျွန်တော် စင်ကာပူတို့ မလေးရှားတို့ ရောက်တော့ သူတို့နိုင်ငံတွေမှာ မိုဘိုင်းဖုန်းဈေး သက်သာတာ တွေ့ရတယ်။ ကျွန်တော်တို့နိုင်ငံက ပြည်သူတွေကိုလည်း မိုဘိုင်းဖုန်းဈေးနှုန်း အသက်သာဆုံးနဲ့ သုံးစေချင်လို့ ဒီလုပ်ငန်းကို အကောင်အထည်ဖော်ခြင်း ဖြစ်ပါတယ်။ ဈေးအနည်းဆုံးနဲ့ ရောင်းနိုင်အောင်၊ လူတိုင်း Hand ဖုန်း သုံးနိုင်အောင် ကြိုးစားတာပါ။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ပထမဆုံး ရောဝတီနဲ့ ရန်ကုန်တိုင်းဒေသကြီးတို့မှာ စတင်အကောင်အထည်ဖော်သွားမှာပါ။ ပြီးရင် ၅နှစ်အတွင်း တစ်နိုင်ငံလုံး အသုံးပြုနိုင်အောင် ဆောင်ရွက်သွားမှာပါ" ဟု ရှင်းပြသည်။

ဦးလွင်နိုင်ဦး၏ ရှင်းပြချက်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပညာရှင်များကလည်း ပညာရပ်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြရာ အခမ်းအနားမှာ အပြန်အလှန်အမေးအဖြေများဖြင့် သက်ဝင်လျက်ရှိသည်။

ဦးလွင်နိုင်ဦးက "ကျွန်တော်တို့က အချိန်တိုကာလအတွင်း တယ်လီဖုန်း ပြောဆိုနိုင်အောင် လုပ်သွားမှာပါ။ ဆောင်ရွက်မယ့် အစီအစဉ်တွေနဲ့ ပတ်သက်လို့ မနက်ဖြန် ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်ခန်းမမှာ ရှင်းလင်းပြောကြားသွားပါ့မယ်။ အားလုံးကို ဖိတ်ခေါ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဣန္ဒိလှက "နိုင်ငံတော်ရဲ့ ဒေသအသီးသီး အစွန်အဖျား ဒေသများပါမကျန် ဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးဆိုတာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရဲ့ ရည်ရွယ်ချက်တွေပါပဲ။ မတူတာတွေကို ဘေးဖယ်ထားပြီး တူတာတွေကို ပေါင်းစပ်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်"ဟု ပြောကြားချက်မှာလည်း စိတ်ဝင်စားစရာ၊ ကျေးဇူးတင်စရာ ကောင်းလှသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့်လည်း နိုင်ငံတော်နှင့် ပြည်သူများအတွက် အဆင်ပြေချောမွေ့သော ဆက်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရန် တာဝန်ရှိသည်နှင့်အညီ ပြည်သူလူထု ကောင်းမွန်သက်သာစွာ ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် ကနဦးတပ်ဆင်ခနှုန်းထားများကို အဆင့်လိုက်လျှော့ချပေးခဲ့ရာ ယခင်မိုဘိုင်းတယ်လီဖုန်းတစ်လုံးလျှင် ငွေကျပ် ၁၅ သိန်းမှ ၅ သိန်းသို့ လည်းကောင်း၊ အော်တိုတယ်လီဖုန်း တပ်ဆင်ခများကို ယခင်တပ်ဆင်ခ ငွေကျပ် ၁၀ သိန်းမှ အရစ်ကျပေးသွင်းသည့် စနစ်သို့ ပြောင်းလဲဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရပေသည်။ ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မိုဘိုင်းတယ်လီဖုန်းများကို သက်သာသည့်နှုန်းဖြင့် မြို့ရွာ/ကျေးလက်ပါမကျန် သုံးစွဲနိုင်ရေး ဆောင်ရွက်လျက်ရှိရာ GSM/ UMITS တယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေး စီမံကိန်းကို ပြည်တွင်းကုမ္ပဏီ ၂၃ ခုနှင့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကာလ ၅ နှစ်အတွင်း မိုဘိုင်းတယ်လီဖုန်း တပ်ဆင်ခနှုန်းထားများကို ပတ်ဝန်းကျင်နိုင်ငံများကဲ့သို့ အဆင့်ဆင့်လျှော့ချသွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မိုဘိုင်းတယ်လီဖုန်းတစ်လုံး ပြောဆိုဆက်သွယ်နိုင်ရေးအတွက် လုပ်ငန်းပိုင်းများအနေဖြင့် မြေနေရာ ရှာဖွေသတ်မှတ်၍ ရေဒီယိုစခန်းများ တည်ဆောက်ရခြင်း၊ စက်ပစ္စည်းများ လုံလောက်စွာ တပ်ဆင်ရခြင်း၊ မြို့တွင်းဆက်သွယ်မှု တစ်မြို့နှင့်တစ်မြို့ ဆက်သွယ်မှုနှင့် ပင်မကျောရိုးဆက်သွယ်မှုတို့အတွက် ဆက်သွယ်ရေးဆက်ကြောင်းကြီးများ အချိန်ယူတည်ဆောက်ရမည်ဖြစ်သည်။ **ဆက်သွယ်မှုကွန်ရက်ကို စနစ်တကျတည်ဆောက်ရေးအတွက် အချိန်များစွာ လိုအပ်မည်ဖြစ်ရာ ကာလတိုတစ်ခုအတွင်း ငွေကျပ် ၅၀၀၀ တန် ဖုန်းကိစ္စမှာ လောလောဆယ်ဖြစ်နိုင်ခြေမရှိနိုင်သေးကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းထုတ်ပြန်ကြောင်း သိရသည်။** (သတင်းစဉ်)

မောင်မောင်မြင့်ဆွေ ➤ စုစည်းသည်



ချယ်လ်ဆီးနောက်တန်းလူ အဲလက်ဇ် ပဲရစ်စိန့်ဂျာမိန်းက ခေါ်ယူ

လန်ဒန် ဇန်နဝါရီ ၂၉

ချယ်လ်ဆီးအသင်းမှ ကစားသမား အဲလက်ဇ်အား ပဲရစ်စိန့်ဂျာမိန်းကလပ်က ပေါင် ၄ ဒသမ ၂ သန်းဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်ပါတယ်။

ဗြာဇီးလ်လူမျိုး အဲလက်ဇ်ဟာ ပဲရစ်စိန့်ဂျာမိန်းကလပ်က သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့တာဖြစ်ပါတယ်။ သူဟာ ချယ်လ်ဆီးနည်းပြဟောင်း အန်ဆယ်လော့တီရဲ့ ပဲရစ်စိန့်ဂျာမိန်းကလပ်မှာ ကစားရမှာ ဖြစ်ပါတယ်။

အသက် ၂၉ နှစ်ရှိ အဲလက်ဇ် (ယာပုံ) ဟာ ချယ်လ်ဆီးအသင်းကို အခြားသော နောက်တန်းကစားသမားတွေဖြစ်တဲ့ ဒေးဗစ်လူးဝစ်နဲ့ ဂယ်ရီကာဟေးလ်တို့ ရောက်လာပြီးတဲ့နောက် ပုံမှန်ကစားခွင့်မရ ဖြစ်ခဲ့ရပါတယ်။

ကစားခဲ့

သူဟာ ချယ်လ်ဆီးအသင်းကို ၂၀၀၄ ခုနှစ်က ဆန်တို့စ်အသင်းမှ ပြောင်းရွှေ့လာခြင်းဖြစ်ပြီး ပွဲပေါင်း ၁၁၅ ပွဲ ပါဝင်ကစားခဲ့ပါတယ်။ သို့ပေမယ့် သူဟာ ၂၀၀၄ မှ ၂၀၀၇ ခုနှစ်အတွင်း ပီအက်စ်ဗွီအိုင့်ဟိုဗင်အသင်းမှာ အငှားသွားရောက်ကစားခဲ့ပါသေးတယ်။ သူဟာ ဘရာဇီးအသင်းနဲ့အတူ ၁၈ပွဲ ကစားခဲ့သူလည်း ဖြစ်ပါတယ်။ *(အင်တာနက်)*

နိုင်ငံတကာပြေးခုန်ပစ်ပြိုင်ပွဲ မိုဖာရက် အနိုင်ရဗိုလ်စွဲ

လန်ဒန် ဇန်နဝါရီ ၂၉

*ဗြိတိန်နိုင်ငံ ဂလက်စ်ဂေါမြို့တွင် ဇန်နဝါရီ ၂၈ရက်ကကျင်းပသည့် နိုင်ငံတကာပြေးခုန်ပစ်ပြိုင်ပွဲ၌ အမျိုးသား မီတာ ၁၅၀၀အပြေးပြိုင်ပွဲတွင် မိုဖာရက် **(အပေါ်ပုံ)**က အနိုင်ရဗိုလ်စွဲသွားသည်။*

တွန်းအားတစ်ရပ်

ဗြိတိန်နိုင်ငံသား အသက် ၂၈နှစ်အရွယ်ရှိ မိုဖာရက်သည် ယခုအပြေးပြိုင်ပွဲ၌ ဗိုလ်စွဲနိုင်ခဲ့ခြင်းသည် ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် တွန်းအားတစ်ရပ်ဖြစ်စေခဲ့ပြီဖြစ်သည်။

စံချိန်တင်ပြေးထားနိုင်

မိုဖာရက်သည် မီတာ ၅၀၀၀အပြေးချန်ပီယံလည်းဖြစ်ပြီး မီတာ ၅၀၀၀ကို ၃ မိနစ် ၃၉ ဒသမ ၀၃စက္ကန့်ဖြင့် စံချိန်တင်ပြေးထားနိုင်သူဖြစ်သည်။

၄င်းသည် လန်ဒန်အိုလံပစ်၌ မီတာ ၁၅၀၀၊ မီတာ ၃၀၀၀၊ မီတာ ၅၀၀၀ အပြေးပြိုင်ပွဲတို့၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

(အင်တာနက်)

ဂါနာနှင့် မာလီတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြစဉ်။

အာဖရိကဖလားဘောလုံးပွဲစဉ်များကစား ဂါနာတို့ အနိုင်ရပြီး ကွာတားတက်ရန်နီးစပ်နေ

ကိတ်တောင်း ဇန်နဝါရီ ၂၉

အာဖရိကဖလား ဘောလုံးပွဲစဉ်များ ဇန်နဝါရီ ၂၉ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အုပ်စု(ဃ)မှ ဂါနာနှင့် မာလီတို့ပွဲတွင် ဂါနာအသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဂါနာအသင်းအတွက် ဂိုးများကို ပွဲချိန် ၆၃ မိနစ်၌ အဆာမိုဂျန်က တစ်ဂိုးသွင်းယူပေးခဲ့ပြီး ဒုတိယဂိုးကို အာယောကသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဂါနာအသင်းသည် ယခုပွဲအနိုင်ရသဖြင့် ကွာတားဖိုင်နယ်တက်ရန် အခွင့်အရေးကောင်းရရှိသွားပြီဖြစ်သည်။

သွင်းယူ

ဘော့ဆွာနာနှင့် ဂိုင်နီယာတို့ပွဲတွင် ဂိုင်နီယာအသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဂိုင်နီယာအတွက် ဂိုးများကို ပွဲချိန် ၁၅ မိနစ်နှင့် ၂၇ မိနစ်တို့၌ ဒီရာလိုက တစ်ဦးတည်း နှစ်ဂိုးဆက်တိုက်သွင်းယူပေးခဲ့သည်။

ဆက်လက်ပြီး ပွဲချိန် ၄၁ မိနစ်၌ ကာမာရာက တစ်ဂိုး၊ ၄၅ မိနစ်၌ ထရာအိုရေးက တစ်ဂိုး၊ ပွဲချိန် ၈၄ မိနစ်၌ ဘတ်က တစ်ဂိုးနှင့် ၈၆ မိနစ်၌ ဆူးမက်က တစ်ဂိုးသွင်းယူခဲ့သဖြင့် ဂိုင်နီယာတို့ ခြောက်ဂိုးရရှိခဲ့သည်။ ဘော့ဆွာနာအတွက် ချေပဂိုးကို ပွဲချိန် ၂၃ မိနစ်၌ ဆီလိုဝမ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘောဆွာနာတို့အနေဖြင့် ပွဲချိန် ၄၅ မိနစ်၌ မိုဆီလီ အနီကတ်ပြအထုတ်ခံရသဖြင့် ယခုပွဲ၌ ဘောရှုံးလူရှုံးဖြစ်ခဲ့ရသည်။ **(အင်တာနက်)**

ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များ ရခိုင်ပြည်နယ်၌ ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

စစ်တွေ ဇန်နဝါရီ ၂၉

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၏ ဒုတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီခွဲက စစ်တွေမြို့ ရခိုင်ပြည်နယ် တရားလွှတ်တော်ရုံး၌ကျင်းပရာ အခမ်းအနားတွင် ရခိုင်ပြည်နယ်တရားသူကြီးချုပ် ဦးကျော်ကက ပြည်ထောင်စုတရားလွှတ်တော်ချုပ် နေပြည်တော်တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်၏ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။ **(ယာပုံ)**

ဆွေးနွေး

ထို့နောက် ပြည်နယ်တရားရေးဦးစီးမှူး ဦးဝင်းဌေးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၏ တရားစီရင်ရေး၊ စီမံခန့်ခွဲရေး၊ ဘဏ္ဍာငွေစာရင်းကိစ္စရပ်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ တက်ရောက်လာကြသည့် တရားသူကြီးများက တရားစီရင်ရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ ၄ရက်က ပန်းတနော်မြို့ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ သရုပ်ပြလေ့ကျင့်မှုပြုလုပ်ရာ အမှုဆောင်အရာရှိ ဦးအေးသိန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ် ဦးအောင်ကျော်ဝေတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သင်တန်းများဆင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ(၁) (မြို့ပြ) (မွမ်းမံ) သင်တန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၃) (လျှပ်စစ်)သင်တန်းများဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့သုဝဏ္ဏရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း၌ကျင်းပရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းတက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အငယ်တန်းအင်ဂျင်နီယာ(၁)(မြို့ပြ) (မွမ်းမံ)သင်တန်းသို့ ၃၁ ဦး၊ အငယ်တန်းအင်ဂျင်နီယာ(၃) (လျှပ်စစ်)သင်တန်းသို့ ၂၉ ဦး စုစုပေါင်းသင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

"ကျွန်တော့်အနေနဲ့ အကယ်ဒမီဆုကို မမျှော်လင့်ရဲသေးပါဘူး။"

စိုင်းစိုင်းခမ်းလှိုင်

*** ကျော်ဖုံးမှ**

ဇန်နဝါရီလကုန်ပိုင်းမှာ အနုပညာခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသို့ သွားရောက်ရန်ရှိတဲ့ ထပ်ဆင့်အကယ်ဒမီ မေသန်းနုရဲ့ အကယ်ဒမီ ကြိုတင်ရင်ခုန်သံကို မေးမြန်းကြည့်ခဲ့ရာ . . . .

"မဆင့်ကတော့ အနုပညာမောင်နှမအားလုံးကို ရွှေစင်ရုပ်တု ပိုင်ဆိုင်ကြစေချင်တာပါပဲ။ ဒီနှစ်တော့ ပြေတီဦးနဲ့ သက်မွန်မြင့်တို့ကို ခန့်မှန်းကြတယ်။ အကယ်ဒမီဆိုတာက အနုပညာသမားတိုင်းရဲ့ မျှော်လင့်ချက်ဖြစ်တဲ့အတွက် လောကသားအားလုံး စိတ်ဝင်စားကြပါတယ်။ မရသေးတဲ့ ကိုယ့်မောင်တွေ၊ ညီမတွေထဲက ဘယ်သူပဲရရ ဝမ်းသာပီတိဖြစ်ရမှာပဲလေ"လို့ ပြန်လည်ဖြေကြားပေးခဲ့ပါတယ်။

အဲဒီနောက် ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)ကို အကယ်ဒမီရင်ခုန်သံနှင့် ပွဲတက်ရန် ကြိုတင်ပြင်ဆင်ထားမှုတွေကို မေးမြန်းကြည့်တဲ့အခါ . . . .

"သရုပ်ဆောင်တွေထဲမှာတော့ ပြေတီဦး၊ လင်းဇာနည်ဇော်နဲ့ သက်မွန်မြင့်လို့ ကြားပါတယ်။ ပရိသတ်ကလည်း သူတို့လေးတွေကို ရစေချင်ကြတယ်။ တေးဂီတဆုကိုတော့ အငိုမျက်လုံး အပြုံးမျက်နှာနဲ့ ပင်လယ်ထက်က နေဝန်းနီကတော့ ဓာတ်ပုံဆုရနိုင်မယ်လို့ ခန့်မှန်းကြပါတယ်။ အကယ်ဒမီနဲ့ သင့်တော်တဲ့ အနုပညာရှင်တွေရကြမှာမို့ အားလုံးပျော်ပျော်ရွှင်ရွှင်နဲ့ အကယ်ဒမီပွဲနေ့မှာ ဆုံကြမယ်" လို့ ပြောပါတယ်။

ဆက်လက်ပြီး သမီးငယ်လေး စစ်လွန်းဝတီထက်နှင့် ကြော်ငြာပေါင်းများစွာ ရိုက်ကူးလျက်ရှိတဲ့ ပြည်သူ့အချစ်တော် အကယ်ဒမီထက်ထက်မိုးဦးအား ဆက်သွယ်မေးမြန်းကြည့်ခဲ့ပါတယ်။

"ဒီတစ်နှစ်လုံး သမီးလေးနဲ့ပဲ အချိန်ကုန်ခဲ့တာများတဲ့အတွက် ဇာတ်ကားတွေကို သေချာမသိပါဘူး။ အကယ်ဒမီကိုတော့ ပြေတီဦးနဲ့ သက်မွန်မြင့်၊ မလင်းဇာနည်ဇော်နဲ့ ကိုဝေဠုကျော်တို့ရမယ်လို့ ပြောနေကြတာပဲ။ ဖြစ်နိုင်ရင် အကယ်ဒမီပေးပွဲကို နှစ်တိုင်း တက်ချင်တာပါ။ ပြီးခဲ့တဲ့နှစ်က မတက်လိုက်ရဘူးလေ။ ကလေးက ရက်သားပဲရှိသေးလို့။ ဒီနှစ်တော့ မိသားစုလိုက်သွားမယ်လို့ စိတ်ကူးထားပါတယ်။ အနုပညာမောင်နှမတွေ တွေ့ရမယ့်ပွဲမှာ ဘယ်သူပဲရရ လက်ခုပ်တီးပေးဖို့ အားခဲထားတယ်" လို့ ပြောပါတယ်။

မြန်မာ့အလင်းအနေနဲ့ ဆက်လက်ပြီး အာဒံရယ် ဧဝရယ် ဒသာရယ် ဇာတ်ကားဖြင့် ရုပ်ရှင်ချစ်ပရိသတ်များ အကယ်ဒမီဆုရရှိစေချင်တဲ့ သရုပ်ဆောင်အဆိုတော် စိုင်းစိုင်းခမ်းလှိုင်အား မေးမြန်းကြည့်ခဲ့ရာ. . . "ကျွန်တော့်အနေနဲ့ အကယ်ဒမီဆုကို မမျှော်လင့်ရဲသေးပါဘူး။ အကောင်းဆုံးဖြစ်အောင် ကြိုးစားထားပေမယ့် အကယ်ဒမီဆိုတာ

"အကယ်ဒမီဆိုတာ အနုပညာသမားတိုင်းရဲ့ ပန်းတိုင်တစ်ခုဖြစ်တဲ့အတွက် မလင်းအနေနဲ့ မျှော်လင့်မိပါတယ်။"

လင်းဇာနည်ဇော်

ကို မျှော်လင့်ဖို့အထိတော့ မရောက်သေးဘူးလို့ထင်ပါတယ်။ ဒါရိုက်တာဆုကိုတော့ ကိုဝိုင်းနဲ့ ကိုခင်မောင်ဦး စိုးသိမ်းထွဋ်ဆိုပြီး ထင်ကြေးပေးကြပါတယ်။ သရုပ်ဆောင်ကတော့ ကိုပြေတီဦးနဲ့ သက်မွန်မြင့်၊ မလင်းဇာနည်ဇော်တို့ကို တစ်ကြိုပေးကြတယ်။ ဘာပဲဖြစ်ဖြစ် ရောက်အောင်သွားပြီး အားပေးမှာပါ" ဟု စိုင်းစိုင်းက ပြန်လည်ဖြေကြားခဲ့ပါတယ်။

ကြိုတင်ပြင်ဆင်

ဒါရိုက်တာ မင်းအုပ်စိုးရိုက်ကူးခဲ့တဲ့ အငိုမျက်လုံး အပြုံးမျက်နှာ ဇာတ်ကားတွင် အဓိကနေရာကနေ ပါဝင်သရုပ်ဆောင်ခဲ့သူ၊ အနုပညာသက်တမ်း ဆယ်စုနှစ်တစ်ခုကျော် ဖြတ်သန်းခဲ့ပြီးသူ လင်းဇာနည်ဇော်ကို မေးမြန်းကြည့်ခဲ့သည့်အခါ. . . "မလင်းအနေနဲ့ ဒီဇာတ်ကားလေးကို မရိုက်ရခင်ကတည်းက ကြိုက်ခဲ့တာပါ။ ဇာတ်မင်းသမီးလေးတစ်ယောက်ရဲ့ဘဝကို ကိုယ်ကိုယ်တိုင်ခံစားပြီးမှ သရုပ်ဆောင်ခဲ့ပါတယ်။ ပရိသတ်ကြီးက ကိုယ့်ကို ဆုရမယ်လို့ ခန့်မှန်းပေးတာနဲ့တင် အရမ်းကို ကျေနပ်မိပါတယ်။ အကယ်ဒမီဆိုတာ အနုပညာသမားတိုင်းရဲ့ ပန်းတိုင်တစ်ခုဖြစ်တဲ့အတွက် မလင်းအနေနဲ့လည်း မျှော်လင့်မိပါတယ်။ ဒါပေမယ့် အကယ်ဒမီဆုဆိုတာ ကိုယ်နဲ့ထိုက်တန်တဲ့အချိန်ရောက်မှသာ ပိုင်ဆိုင်ခွင့်ရတာဖြစ်လို့ ဘယ်သူပဲရရ ကျေကျေနပ်နပ်ကြီး လက်ခုပ်တီးဖြစ်မှာပါ။ ဒီနှစ်အတွက် မလင်းက ရွှေကုံ့ကော်ပိုးထည်တိုက်က ဆင်မြန်းပေးတဲ့ဝတ်စုံကို ဒီဇိုင်နာ ညိုမာသန့်(ဖူးသစ်)ကနေပြီး ပြင်ဆင်ပေးမှာပါ" ဟု လင်းဇာနည်ဇော်က သူမရဲ့သဘောထားနှင့် ကြိုတင်ပြင်ဆင်မှုလေးများအား ပြောပြပါတယ်။

ပရိသတ်ကြီးအနေဖြင့် ၂၀၁၀ ခုနှစ် မြန်မာရုပ်ရှင် ထူးချွန်ဆုပေးပွဲအတွက် အနုပညာရှင်တွေ ဘယ်လိုပြင်ဆင်နေကြသလဲနှင့် ရင်ခုန်သံများ ဘယ်လိုရှိနိုင်ဦးမလဲဆိုတာကို အနုပညာရှင်များနဲ့ ဆက်သွယ်မေးမြန်းရသမျှ ရေးသားဖော်ပြလိုက်ရပါတယ်။

မြန်မာ့အလင်း

ပြည်တွင်း လူမှုစီးပွားသတင်း

စည်းကမ်းနှင့်မညီသော ယာဉ်အသစ်များ ဖေဖော်ဝါရီ ၁ ရက်မှစ၍ အရေးယူတော့မည်

ရန်ကုန် ဇန်နဝါရီ ၂၉

သတင်းဓာတ်ပုံ- တင်ဝင်းလေး (ကြည့်မြင်တိုင်)

ပြည်ပမှ မှာယူတင်သွင်းလာသော ကားအသစ်များ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မြောက်မြားစွာ တွေ့နေရပြီဖြစ်သည်။

အချို့သော ကားသစ်များအနေဖြင့် ယာဉ်နံပါတ် ရယူပြီးကြသော်လည်း အချို့သောကားအသစ်များက နံပါတ်ရယူခြင်းမရှိသေးဘဲ လမ်းမကြီးများပေါ်တွင် ဥဒဟိုသွားလာနေကြသည်ကို နေ့စဉ်တွေ့မြင်နေရသည်။ ***(အောက်ပုံ)***

နှိုးဆော်ထား

ယင်းမော်တော်ယာဉ်များအနေဖြင့် ယာဉ်နံပါတ်မရမီအချိန်အတွင်း မိမိ



နေအိမ်မှ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့သာ မောင်းနှင်ရန် နှိုးဆော်ထားပြီးလည်းဖြစ်သည်။

သို့ရာတွင် အချို့သော ကားပိုင်ရှင်များသည် ယာဉ်နံပါတ်ရရှိရေးအတွက် ဆောင်ရွက်ရန် အချိန်ဆွဲနေကြခြင်း၊ သတ်မှတ်လမ်းကြောင်းမှ သွေဖည်၍ မောင်းနှင်နေကြခြင်း၊ သတ်မှတ်ချိန်ထက် ကျော်လွန်ကာ ညဉ့်နက်သန်းခေါင်အထိတိုင် မောင်းနှင်နေကြခြင်းတို့ကို တွေ့ရှိနေရသည်ဟု ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

ထိုသို့ ယာဉ်နံပါတ်မတပ်ဆင်ဘဲ မောင်းနှင်နေမှုကြောင့် ယာဉ်တိုက်မှု၊ ယာဉ်စည်းကမ်းဖောက်ဖျက်မှုများရှိလာပါက အရေးယူဆောင်ရွက်ရန် အခက်အခဲများ များစွာရှိလာနိုင်သည်ဟု ထပ်မံပြောကြားခဲ့သည်။

ထုတ်ပြန်ထား

ထို့အတွက် သတ်မှတ်ရက်ထက် ကျော်လွန်သော နံပါတ်တပ်ဆင်ခြင်းမရှိသည့် ယာဉ်အသစ်များကိုလည်းကောင်း၊ သတ်မှတ်လမ်းကြောင်း၊ သတ်မှတ်အချိန်ထက် ကျော်လွန်ပြီး မောင်းနှင်ခြင်းကိုလည်းကောင်း စစ်ဆေးတွေ့ရှိပါက ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ ဒဏ်ငွေကျပ် ၅၁၅၀၀ ပေးဆောင်ရမည့်အပြင် ယာဉ်မောင်းသူအား လိုင်စင်ခြောက်လအထိ ပိတ်သိမ်းအရေးယူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက သတင်းထုတ်ပြန်ထားကြောင်း သိရှိရသည်။

အမြို့မြို့အနယ်နယ်၌ ပညာရည်ချွန်ဆုချီးမြှင့်

မြောက်ဥက္ကလာပမြို့နယ် အမှတ် (၉) အခြေခံပညာမူလတန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက်က အဆိုပါကျောင်း၌ကျင်းပရာ ပထမတန်း(ခ)မှ တတိယဆုရ မဇွန်လဲ့မိုးအား ကျောင်းအုပ်ဆရာကြီး ဦးမြင့်စိန် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဆုချီးမြှင့်

မရမ်းကုန်းမြို့နယ် အမှတ်(၉)အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၂ရက်က ကျင်းပရာ မြို့နယ်ကျောင်းလုပ်ငန်းထူးချွန် ပထမဆုရ စတုတ္ထတန်း(က)မှ မဆုလဲ့ရည်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြီးမြင့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း ခန်းမဆောင်၌ကျင်းပရာ မြို့နယ်အဆင့် သင်္ချာစွမ်းရည်ထူးချွန်ဆုရ အဋ္ဌမတန်းမှ မောင်သီဟသွေးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမြင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

တီဘီလူနာများအားလုံး ဆေးကုသမှုရရှိစေရန် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့

ဒေါက်တာသန္တာလွင်

မြန်မာနိုင်ငံသည် ကုလသမဂ္ဂကချမှတ်ထားသော ထောင်စုနှစ်ရည်မှန်းချက်များကို ၂၀၁၅ခုနှစ်တွင်ပြည့်မီရန် အခြားကမ္ဘာ့နိုင်ငံများနည်းတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ တီဘီရောဂါတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အစီရင်ခံသော နိုင်ငံပေါင်း ၁၉၈နိုင်ငံအနက် တီဘီအဖြစ်အများဆုံး ၂၂ နိုင်ငံတွင်လည်းကောင်း၊ ဆေးယဉ်ပါးတီဘီအဖြစ်အများဆုံး ၂၇ နိုင်ငံတွင် လည်းကောင်း၊ တီဘီ/အိပ်ချ်အိုင်ဗွီအဖြစ်အများဆုံး ၄၁ နိုင်ငံတွင်လည်းကောင်း မြန်မာနိုင်ငံပါဝင်လျက်ရှိပါသည်။

၂၀၀၉-၂၀၁၀ ခုနှစ်များအတွင်း ဆောင်ရွက်ခဲ့သည့် နိုင်ငံတစ်ဝန်း ကောက်ယူခဲ့သော တီဘီရောဂါစစ်တမ်းရလဒ်များအရ မြန်မာနိုင်ငံတွင် သလိပ်ပိုးတွေ့ တီဘီဖြစ်ပွားနှုန်းသည် လူဦးရေ တစ်သိန်းလျှင် ၁၇၂ ဦးရှိကြောင်း တွေ့ရှိရပြီး ပြည်နယ်များတွင် တိုင်းဒေသကြီးများထက်လည်းကောင်း၊ မြို့ပြများသည် ကျေးလက်ဒေသထက်လည်းကောင်း ပိုမိုများနေကြောင်း တွေ့ရှိခဲ့ပါသည်။ ယခင်က ခန့်မှန်းထားသည်ထက် ပိုများနေခြင်းကြောင့် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းအနေဖြင့် တစ်နိုင်ငံလုံးရှိ တီဘီလူနာများရောဂါရှာဖွေကုသမှုရရှိနိုင်ရန်အတွက် ဆေးကုသမှု လက်လှမ်းမီရေး တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်လာပါသည်။

တီဘီရောဂါတိုက်ဖျက်နိုင်ရန် မည်ကဲ့သို့ ကူးစက်သလဲဟု ကူးစက်မှုကွင်းဆက် (Chain of transmission) ကို လေ့လာပါက တီဘီပိုးများ လေမှတစ်ဆင့် ကူးစက်သောရောဂါ (Air Bome infection)ဖြစ်ပြီး တီဘီရောဂါရှိသူ ချောင်းဆိုးနှာချေရာမှ လေထုထဲရောက်လာသော တီဘီပိုးကို လေနှင့်အတူရှူမိ၍ ကူးစက်ခံရခြင်းဖြစ်ပါသည်။ အကောင်းဆုံးကာကွယ်ရန် ပြည်သူလူထုအထဲမှ တီဘီရောဂါဖြန့်ဖြူးကူးစက်စေနိုင်သော တီဘီလူနာများအားလုံးကို တွေ့အောင်ရှာ၍ ရောဂါပျောက်ကင်းအောင်ကုသမှုပေးပြီး Treat the source of infection - တီဘီလူနာကို ရောဂါပျောက်အောင်ကုသခြင်းသည်ပင်လျှင် ရောဂါကူးစက်မှုကို ကာကွယ်ခြင်းဖြစ်ပါသည်။ လူဦးရေထူထပ်ခြင်း၊ လူမှုစီးပွားရေးအခြေအနေချို့တဲ့ခြင်း၊ မူလကိုယ်ခံအားတွေချို့တဲ့ခြင်း၊ ဆီးချိုကဲ့သို့သော ရောဂါများဖြစ်ပွားလျက်ရှိခြင်း စသော အခြေအနေများသည် တီဘီရောဂါဖြစ်ပွားရန် အန္တရာယ်ရှိသောအခြေအနေများဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် တီဘီရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်၍ ဆောင်ရွက်လျက်ရှိရာ ၂၀၀၃ ခုနှစ်မှစတင်ပြီး မြို့နယ် ၃၂၅ မြို့နယ်လုံးတွင် လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၁၀ ခုနှစ်တွင် နေပြည်တော် ရှစ်မြို့နယ်ကို တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ သင်တန်းများပေးပြီး ဆောင်ရွက်လျက်ရှိပါသည်။ တီဘီရောဂါတိုက်ဖျက်ရေးဝန်ထမ်းများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများသည် စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများ၊ အစိုးရမဟုတ်သော ပြည်တွင်းလူမှုရေးအသင်းအဖွဲ့လေးဖွဲ့ (မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း)၊ အစိုးရမဟုတ်သော နိုင်ငံတကာလူမှုရေးအသင်းအဖွဲ့ ၁၁ ဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ နှစ်နိုင်ငံအစိုးရချင်း ပူးပေါင်းဆောင်ရွက်သည့် အေဂျင်စီများနှင့် ပူးပေါင်း၍ ကျေးလက်ဒေသအောက်ခြေအဆင့် လွှမ်းခြုံဆောင်ရွက်လျက်ရှိပါသည်။

တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၏ ရည်မှန်းချက်များမှာ ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များအတိုင်း နှစ်စဉ်တီဘီလူနာအသစ်ဖြစ်ပွားမှုကို ရပ်တန့်ကျဆင်းလာစေရန်နှင့် ၂၀၁၅ ခုနှစ်တွင် တီဘီရောဂါဖြစ်ပွားနှုန်းနှင့် သေဆုံးနှုန်းတို့ကို ၁၉၉၀ ခုနှစ်ရှိ အခြေအနေ၏ထက်ဝက် လျှော့ချရန်တို့ဖြစ်ပါသည်။ ၂၀၁၀ ခုနှစ်အတွက် ပြည်သူလူထုအတွင်းရှိ သလိပ်ပိုးတွေ့ တီဘီလူနာသစ်အားလုံး၏ ၇၆ ရာခိုင်နှုန်းကို ရောဂါရှာဖွေကုသပေးနိုင်ခဲ့ပြီး ကုသသောလူနာများ၏ ၈၅ ရာခိုင်နှုန်းကို ပျောက်ကင်းအောင်ကုသနိုင်ခဲ့ပါသည်။

တီဘီရောဂါရှာဖွေရာတွင် သလိပ်တွင် တီဘီပိုးရှိ၊ မရှိ အဏုကြည့်မှန်ဘီလူးဖြင့် စစ်ဆေးခြင်းနည်းကို သုံးခြင်းကြောင့် အရည်အသွေးပြည့်ဓာတ်ခွဲလုပ်ငန်းကို မြို့နယ်တိုင်းတွင် ထားရှိဆောင်ရွက်လျက်ရှိပါသည်။ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်းကို လိုအပ်သလိုအသုံးပြုသော်လည်း တီဘီရောဂါပိုးကို အဏုကြည့်မှန်ဘီလူးအောက်တွင် မျက်ဝါးထင်ထင်တွေ့ရှိနိုင်သော ဓာတ်ခွဲခန်းတွင် စစ်ဆေးခြင်းက ရောဂါရှာဖွေရာတွင် ပိုမိုတိကျမှုရှိပါသည်။ တစ်နိုင်ငံလုံးရှိ ဓာတ်ခွဲဌာနများ၏ အရည်အသွေးထိန်းသိမ်းခြင်း၊ သင်တန်းပေးခြင်း၊ တီဘီပိုးမွေးခြင်းနှင့် ဆေးယဉ်ပါးမှုစမ်းသပ်ခြင်း၊ သုတေသနပြုလုပ်ခြင်းတို့ကို အင်းစိန်မြို့နယ်(အောင်ဆန်း)ရှိ အမျိုးသားမှီငြမ်းပြုတီဘီဓာတ်ခွဲဌာနနှင့် မန္တလေးတိုင်းဒေသကြီး တီဘီဓာတ်ခွဲဌာနများတွင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

တီဘီရောဂါရှာဖွေရေးကို ကျေးလက်နေပြည်သူလူထု လက်လှမ်းမီနိုင်ရေးအတွက် တီဘီဓာတ်ခွဲလုပ်ငန်းကို တိုက်နယ်ဆေးရုံအဆင့်ထိဖွင့်လှစ်ခြင်းကိုလည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနတွင် တီဘီသံသယလူနာများမှ သလိပ်များစုဆောင်း၍ မြို့နယ်ဓာတ်ခွဲဌာနသို့ ပို့ဆောင်ရောဂါရှာဖွေခြင်းနည်းကိုလည်းကောင်း အသုံးပြု၍ လူနာရှာဖွေကုသခြင်းကို လွှမ်းခြုံမှုတိုးမြှင့်လျက်ရှိပါသည်။

တီဘီဆေးကုသရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်အတိုင်း တီဘီလူနာအမျိုးအစားအလိုက် ဆေးကုထုံးခွဲခြားကုသပေးလျက်ရှိပါသည်။ ဆေးကုသကာလသည် ခြောက်လမှ ရှစ်လအထိကြာမြင့်၍ တင်းတင်းကျပ်ကျပ်ဆောင်ရွက်ရန်လိုအပ်သည်မှာ ဆေးသောက်ပျက်ကွက်မှုမရှိစေရေးဖြစ်ပါသည်။ ကျန်းမာရေးဌာနတွင် မှတ်ပုံတင်ကုသသော တီဘီလူနာတိုင်းအတွက် တီဘီဆေးကို နေ့စဉ်စောင့်ကြပ်ပြီး ဆေးတိုက်ကျွေးမည့်သူနှင့် ထိုသူမှ လူနာကိုဆေးတိုက်ကျွေးရာတွင် မှန်ကန်မှုရှိ၊ မရှိ တာဝန်ယူကွင်းဆင်းကြီးကြပ်ရမည့် အခြေခံကျန်းမာရေးဝန်ထမ်းတစ်ဦးစီကို ဆေးစတင် ကုသချိန်တွင် သတ်မှတ်တာဝန်ပေးထားပါသည်။ ထိုသူများသည် မိမိတီဘီလူနာ ဆေးသောက်ပျက်ကွက်လျှင် အိမ်တိုင်ရာရောက်ကျန်းမာရေးပညာပေးပြီး ပြန်လည်စည်းရုံးခေါ်ဆောင်၍ ဆေးပြန်သောက်စေရန် တာဝန်ရှိပါသည်။ လူနာ၏ မိသားစုမှလည်း လူနာဆေးမှန်မှန်သောက်စေရန် ပံ့ပိုးကူညီပေးရန် တာဝန်ရှိပါသည်။ ဆေးဒဏ်ကြောင့် ဆေးလျှော့သောက်ခြင်းမရှိစေရန် ဆေးပေါင်းများ (Fixed Dose Combinationdrugs) ဖြင့် ကုသပေးလျက်ရှိပါသည်။ ဆေးယဉ်ပါးမှုလျော့နည်းစေရန်လည်း ရည်ရွယ်ပါသည်။

လူကြီးတွင်ဖြစ်သော တီဘီသာမက ကလေးများတွင်ဖြစ်ပွားသော တီဘီရောဂါကို ကုသရန် ကလေးများအတွက် ရည်ရွယ်ထုတ်လုပ်သော တီဘီဆေးများအသုံးပြုပြီး နည်းလမ်းတကျကုသစေရန် ၂၀၀၈ ခုနှစ်တွင် လမ်းညွှန်မှုပေး၍ ဆောင်ရွက်ပေးခဲ့ပါသည်။ တီဘီရောဂါကြိုတင်ကာကွယ်ရန် တစ်နှစ်အောက်ကလေးများကို ဘီစီဂျီကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါသည်။ ဘီစီဂျီကာကွယ်ဆေးထိုးခြင်းသည် တီဘီရောဂါဖြစ်ပွားမှုကို ရာနှုန်းပြည့်ကာကွယ်မှုမပေးနိုင်သော်လည်း ကလေးများတွင် အသေအပျောက်များသော တီဘီဦးနှောက်အမြှေးရောင်ရောဂါနှင့် လူးစေ့တီဘီရောဂါများကို ကာကွယ်ပေးနိုင်စွမ်းရှိသောကြောင့် တီဘီရောဂါကာကွယ်ရေးအတွက် အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။

တီဘီလူနာရှာဖွေကုသမှုတိုးတက်လာစေရန် ၂၀၀၄ ခုနှစ်မှစ၍ ပုဂ္ဂလိကဆေးခန်းများနှင့် ပူးပေါင်းခြင်းကို Public-Private Mix approach ဖြင့် ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံဆောင်ရွက်လျက်ရှိရာ တီဘီလူနာများသည် မိမိတို့အိမ်ရာနှင့် အနီးကပ်ဆုံး ဆေးခန်းများတွင် အခမဲ့ရောဂါရှာဖွေဆေးကုသနိုင်ပြီဖြစ်ပါသည်။ ထိုသို့ ပြည်သူ့ဆေးရုံ၊ဆေးခန်း၊အထွေထွေရောဂါကုဆေးခန်းများသို့လာသောလူနာများအပြင်တီဘီလူနာ၏အိမ်သို့ အိမ်တိုင်ရာရောက်သွားရောက်၍ အတူနေမိသားစုဝင်များအား တီဘီရောဂါ ရှိ၊ မရှိ စစ်ဆေးခြင်း ရွှေ့ပြောင်းရောဂါရှာဖွေရေးအဖွဲ့များ (mobile team) အသုံးပြုခြင်းဖြင့်တီဘီလူနာရှာဖွေခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

တီဘီရောဂါတိုက်ဖျက်ရေးဆောင်ရွက်မှုများကြောင့် တီဘီရောဂါဖြစ်ပွားနှုန်းနှင့် တီဘီရောဂါကြောင့် သေဆုံးနှုန်းကျဆင်းလျက်ရှိသော်လည်း ထောင်စုနှစ်ရည်မှန်းချက်ကို ပြည့်မီခြင်းမရှိသေးကြောင်း သုံးသပ်ချက်များအရ တီဘီလူနာများအားလုံး ဆေးကုသမှုကို လက်လှမ်းမီစေရန်၊ မြို့ပြသာမက ကျေးလက်မကျန် ဝေးလံသောဒေသများမှာ တူညီသောအခွင့်အရေးရရှိစေရန်အတွက် (Universal access)နှင့် (Reaching to unreach) လုပ်ငန်းများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်းဖြင့်လည်းကောင်း၊ ကုသပျောက်ကင်းပြီးသော တီဘီလူနာများက တီဘီသံသယလူနာများကို ကျန်းမာရေးဌာနများသို့ ညွှန်းပို့ပေးခြင်း၊ ရောဂါကုသပျောက်ကင်းအောင် ဝိုင်းဝန်းစောင့်ရှောက်ခြင်းဖြင့်လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများသာမက လူမှုရေးအသင်းအဖွဲ့အစည်းဝင်များ၊ မီဒီယာများမှတစ်ဆင့် ပြည်သူလူထုကို တီဘီရောဂါနှင့်ပတ်သက်သော ကျန်းမာရေးအသိပညာ ဖြန့်ဖြူးပေးခြင်းဖြင့် လည်းကောင်း တီဘီရောဂါတိုက်ဖျက်ရေးအရှိန်အဟုန်ကို ပိုမိုမြှင့်တင်ရန် လိုအပ်လျက်ရှိပါသည်။ တီဘီဆေးဝါးအလုံအလောက်ရှိပြီး ရှာဖွေတွေ့ရှိသော တီဘီလူနာများအားလုံးကို ကုသနိုင်စွမ်းရှိချိန်မှာ မြန်မာနိုင်ငံ၌ ရှိသမျှတီဘီလူနာများအားလုံးကို အခမဲ့ရောဂါကုသပျောက်ကင်းစေချင်ပါသည်။

တီဘီရောဂါတိုက်ဖျက်ရေးအောင်မြင်မှုကို အဖျက်အဆီးအဟန့်အတား ဖြစ်စေနိုင်သည့်အရာများမှာ တီဘီလူနာများ အိပ်ချ်အိုင်ဗွီ (HIV)ရောဂါပိုးကူးစက်ခံထားရပြီး တီဘီ/အိပ်ချ်အိုင်ဗွီ ဒွန်တွဲဖြစ်ပွားခံစားရခြင်းနှင့် ဆေးယဉ်ပါးသည့် တီဘီ (Multi-Drug Resistant-MDR-TB) ဖြစ်ပေါ်ခြင်းတို့ ဖြစ်ပါသည်။

တီဘီရောဂါသည် အိပ်ချ်အိုင်ဗွီ(HIV)နှင့် ဒွန်တွဲဖြစ်ပွားတတ်ပြီး ၂၀၁၀ ခုနှစ်အတွက် မြို့နယ် ၂၀ ၌ ကောက်ယူခဲ့သော စစ်တမ်းအရ တီဘီလူနာသစ်၏ ၁၀ ရာခိုင်နှုန်းခန့်သည် တီဘီ/အိပ်ချ်အိုင်ဗွီရောဂါနှစ်မျိုး ကူးစက်ခံစားနေကြရကြောင်း သိရှိရပါသည်။ ထိုရောဂါများကာကွယ်တိုက်ဖျက်ရန်အတွက် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်နှင့် ပူးပေါင်း၍ တီဘီလူနာများကို ညွှန်းပို့ပြီး အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံထားရခြင်း ရှိ၊ မရှိ မိမိတို့သဘောဆန္ဒအလျောက် သွေးစစ်ဆေးစေခြင်း၊ တီဘီ/အိပ်ချ်အိုင်ဗွီ ဒွန်တွဲဖြစ်ပွားခံစားရခြင်းရှိပါက တီဘီဆေးကုသခြင်းအပြင် အခြားအခွင့်အရေးယူရောဂါများမဖြစ်ပွားစေရန် ကာကွယ်ဆေး (CPT-Co-trimoxazole Preventive Therapy) ပေးခြင်း၊ အေအာတီ(Antiretrovial Therapy) ဆေးဝါးများဖြင့် ကုသမှုရရှိနိုင်ရန် ညွှန်းပို့ပေးခြင်းများနှင့် ကျန်းမာရေးပညာပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းလုပ်ငန်းများ၊ ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အတူ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်ဆေးခန်းများမှ ညွှန်းပို့သော အိပ်ချ်အိုင်ဗွီရောဂါကူးစက်ခံစားနေရသူများမှာ တီဘီရောဂါရှိ၊ မရှိစစ်ဆေးပြီး လိုအပ်သည့် ကုသမှုများကို ပြုလုပ်ပေးလျက်ရှိပါသည်။

တီဘီဆေးမတိုး တီဘီဆေးယဉ်ပါးမှုသည် တီဘီဆေးယဉ်ပါးမှုအခြေအနေ စစ်တမ်း ၂၀၀၇-၂၀၀၈ ခုနှစ်အရ တီဘီပိုး၏ ပင်ကိုမျိုးရိုးဗီဇပြောင်းလဲမှုကြောင့်သို့မဟုတ် တီဘီဆေးယဉ်နေသော တီဘီလူနာမှ ကူးစက်ခံရခြင်းကြောင့်ဖြစ်သော ဆေးယဉ်ခြင်းကို သလိပ်ပိုးတွေ့တီဘီလူနာအသစ် ၁၀၀တွင် လေးဦးရှိကြောင်း တွေ့ရှိရပါသည်။ ယခင်တီဘီဆေးကုသခဲ့စဉ်က လိုအပ်သည့်ဆေးပမာဏနှင့် ဆေးကုထုံး မှန်ကန်တိကျစွာမသောက်ခဲ့ခြင်း၊ ဆေးကို ဆေးပတ်လည်သည့်ကာလအထိ ပြည့်ပြည့်ဝဝမသောက်ခဲ့ခြင်း၊ ဆေးသောက်ရန် ခဏခဏပျက်ကွက်ခဲ့ခြင်းတို့ကြောင့် ဖြစ်လာသော ဆေးယဉ်ခြင်းကို တီဘီလူနာဟောင်း ၁၀၀ တွင် ၁၀ ဦးဖြစ်ပွားခံစားရကြောင်း တွေ့ရှိခဲ့ရပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် ဆေးယဉ်ပါးသော တီဘီလူနာများကို တီဘီရောဂါကု ဆေးရုံကြီးနှစ်ရုံဖြစ်သော ရန်ကုန်မြို့(အောင်ဆန်း)နှင့် မန္တလေးမြို့(ပုသိမ်ကြီး)တို့တွင် ၂၀၀၉ ခုနှစ်မှ စတင်ကုသပေးလျက်ရှိပြီး ဆေးယဉ်ပါးသော တီဘီကုသမှုသည် ၂၄ လကြာမြင့်ပြီး လူနာတစ်ဦးလျှင် ဆေးဖိုး ကျပ်သိန်း ၆၀ ခန့် ကုန်ကျမည်ဖြစ်၍ ရှိသောစွမ်းအားအရင်းအမြစ်များအပေါ် မူတည်ပြီး လူနာဦးရေ တိုးမြှင့်ကုသရန်စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကုသသည့်လူနာများ ပျောက်ကင်းပါမှ အခြားသူများအား ကူးစက်မှုကို တားဆီးနိုင်မည်ဖြစ်၍ လူနာနှင့် လူနာ၏မိသားစုအနေဖြင့် လူနာဆေးကုသမှု မှန်ကန်ရေး၊ သတ်မှတ်အချိန် ကာလအထိ ကုသနိုင်ရေး၊ အာဟာရပြည့်အောင်စောင့်ရှောက်ပေးရေး၊ နှစ်သိမ့်ဆွေးနွေးပေးနိုင်ရေးနှင့် မကူးစက်အောင်ကာကွယ်ရေး (Infection control) ကို ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ လူမှုရေးအဖွဲ့အစည်းများကလည်း ပါဝင်ကူညီပံ့ပိုးပေးရန် လိုအပ်ပါသည်။

နိုင်ငံတော်က ဦးစားပေးကျန်းမာရေးပြဿနာအဖြစ် တိုက်ဖျက်နေသော တီဘီရောဂါတိုက်ဖျက်ရေး နည်းဗျူဟာမှာ တီဘီရောဂါဖြစ်သော လူနာတိုင်းကို စောစောစီးစီးတွေ့အောင်ရှာ၊ အမြန်ဆုံးပျောက်အောင် ကုသမှုပေးရန်ဖြစ်ပါသည်။ လူနာသို့မဟုတ် ကျန်းမာရေးဝန်ထမ်းတစ်ဖက်ဖက်ကပေါ့ဆမှုကြောင့် ရောဂါပျောက်အောင်မကုသနိုင်ခြင်း၊ ကုသနေစဉ်ဆေးယဉ်သော လူနာများဖြစ်သွားခြင်းတို့ကြောင့် လူသားများ ရှူနေသော လေထုထဲသို့ ဆေးမတိုးသော တီဘီပိုးများရောက်လာနိုင်ခြင်းကို တားဆီးရန် လူနာနှင့် ကျန်းမာရေးဝန်ထမ်းများသာကမ ပြည်သူတိုင်းမှာ တာဝန်ရှိပါသည်။ လက်ရှိ ရှိနေသော တီဘီဆေးများနှင့် ပျောက်ကင်းအောင် ကုသနိုင်ချိန်တွင် ပျောက်ကင်းအောင်ကုသပြီး ဆေးယဉ်ပါးမှုကို မဖြစ်ပေါ်ရန် ကာကွယ်ရပါမည်။

တီဘီရောဂါကို လျင်လျင်မြန်မြန် စမ်းသပ်ရှာဖွေနိုင်ရန် ကမ္ဘာတွင် ရောဂါရှာဖွေရေးနည်းလမ်းသစ်များ ရှာဖွေနေစဉ် ၆လ-၈လ မကြာဘဲ ရောဂါကုသဖို့ ဆေးဝါးသစ်၊ ကုထုံးနည်းသစ်တွေ ရှာဖွေနေစဉ်၊ ကာကွယ်ရန် ကာကွယ်ဆေးနည်းသစ်များ စမ်းသပ်ဖော်ထုတ်နေစဉ် တီဘီရောဂါတိုက်ဖျက်ရန် အားလုံး ဆောင်ရွက်နိုင်သည်မှာ ပြည်သူလူထုပါဝင်မှုကို ပိုမိုပြည့်ပြည့်ဝဝဆောင်ရွက်မှုရရှိစေနိုင်မည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန် ဖြစ်ပါသည်။

ပြည်သူလူထုထဲ၌ တီဘီရောဂါဖြန့်ဖြူးနေသူများဖြစ်သော တီဘီလူနာများ၊ တီဘီသံသယလက္ခဏာဖြစ်သော ချောင်းဆိုးရက် နှစ်ပတ်ကျော်နေသူများကို စောစောရှာဖွေကာ ကျန်းမာရေးဌာနများသို့ ညွှန်းပို့ပြီး တီဘီရောဂါရှာဖွေ စမ်းသပ်စေရန်၊ သလိပ်နမူနာ သုံးခွက်စစ်ဆေးစေရန်၊ ရောဂါရှိလျှင် မြန်မြန်ဆေးကုသမှုရရှိအောင် ဆောင်ရွက်ပေးရန် "တိုက်ရိုက်ကြည့်ရှုဆေးတိုက်ကျွေး" ပေးရန်၊ ဆေးသောက်ပျက်ကွက်သူကို အမြန်ဆုံးပြန်ခေါ်ဆောင်ပြီး ဆေးဆက်သောက်စေရန်၊ ရောဂါကာကွယ်ရေးအနေနှင့် လူနာ၏ မိသားစုဝင်များကို တီဘီရောဂါလက္ခဏာ ရှိမရှိ စမ်းသပ်ပေးရန်၊ ထိရောက်သော ကျန်းမာရေးပညာပေးခြင်း၊ အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို ဆောင်ရွက်ရန်ဖြစ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများအပါအဝင် တောရောမြို့နေ ပြည်သူလူထုအားလုံး၏ အမျိုးသားရေးတာဝန်ဟုသတ်မှတ်ပြီး ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

အမျိုးသားကျန်းမာရေးပြဿနာဖြစ်သော တီဘီရောဂါကို ပြည်သူတစ်ဦးချင်းစီ၏ ကျန်းမာရေးပြဿနာအဖြစ်ခံယူပြီး စုပေါင်းတာဝန်ယူဖြေရှင်းစေခြင်းနည်း (Community empowerment in TB control) ဖြစ်ပါသည်။ အရှိန်အဟုန်မြှင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

တီဘီလူနာများအား ပြည်သူလူထုနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းစွမ်းအားဖြင့် ရှာဖွေဖော်ထုတ်ကုသပေးပြီး နောင်အနာဂတ်ကာလတွင် တီဘီရောဂါကင်းဝေးရေးအတွက် ရည်မှန်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

တစ်ပြည်လုံးတွင်အများအားဖြင့်သာယာမည်

နေပြည်တော် ဇန်နဝါရီ ၂၉

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့၊ နမ့်စန်မြို့နှင့်ဟဲဟိုးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၄၇ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

၂၀၁၀-၂၀၁၁ ပညာသင်နှစ် လှိုင်သာယာမြို့နယ် အမက(၃၀) မူလွန်ကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့် အင်္ဂလိပ်စာ ထူးချွန်ပထမဆုရရှိသော မောင်လူမော်အား ကျောင်းအုပ်ဆရာကြီး ဦးအုန်းမြင့် ဆုချီးမြှင့်စဉ်။
(မြို့နယ် ပြန်/ဆက်)

တမူးခရိုင် တမူးမြို့ ခမ္ဘဂုဏ်ရည်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၁၃ ရက်က ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလင်း၊ မြို့နယ်အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၅၈)

● *ကျော့ဖုံးမှ*

ကမ္ဘာ့နံပါတ်တစ် ဂျိုကိုဗစ်နှင့် ကမ္ဘာ့နံပါတ်နှစ် ရာဖေးလ်နာဒယ်တို့သည် ဖလားဆွတ်ခူးနိုင်ရေး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။ ကစားချိန် ၅ နာရီနှင့် ၅၃ မိနစ်ကြာခဲ့သည်။ ကမ္ဘာ့ဂရင်းဆလမ်သမိုင်းတွင် အကြာဆုံးပြိုင်ပွဲဖြစ်ခဲ့သည်။

ဖလားဆွတ်ခူးနိုင်ရေး ရေကုန်ရေခန်းကစားပြီးချိန်မှာတော့ ဂျိုကိုဗစ်က ရာဖေးလ်နာဒယ်အား ၅-၇၊ ၆-၄၊ ၆-၂၊ ၆-၄၊ ၆-၇ (၅-၇)၊ ၇-၅ တို့ဖြင့် အနိုင်ရခဲ့သည်။ ရာဖေးလ်နာဒယ်သည် အကြိုဗိုလ်လုပွဲတွင် ရော်ဂျာဖက်ဒါရားနှင့် ကစားရာ၌ အချိန် ၄ နာရီ မိနစ် ၅၀ ကြာအောင် ကစားခဲ့ရသည်။ **(အင်တာနက်)**

မြန်မာနိုင်ငံတစ်ဝန်း ပေါင်းကူးဆက်သွယ်ပေးသည့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ကို ၂၀၀၅ ခုနှစ် ဧပြီလမှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၉ ခုနှစ် မတ်လ ၂၅ ရက် နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။ ရန်ကုန်အမှတ်(၃)လမ်းဆုံမှ နေပြည်တော်လမ်းဆုံအထိ အရှည် ၂၀၂ မိုင် ၁ ဖာလုံခရီးကို လေးနာရီခန့်ဖြင့် အရောက်သွားလာနိုင်သည်။

နေပြည်တော်-မန္တလေးလမ်းပိုင်းကို ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။ နေပြည်တော်မှ မန္တလေးလမ်းပိုင်းအထိ မိုင် ၁၅၀ ၅ ဖာလုံကို သုံးနာရီခန့်ဖြင့် သွားလာနိုင်သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ စကားအင်း-တံတားဦး-တံခွန် တိုင်လမ်းပိုင်းကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။ စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်းသည် အရှည် ၁၃ မိုင် ၅ ဖာလုံ ဖြစ်သည်။

အမြန်လမ်းမကြီး၏ လမ်းအထူမှာ ပထမလွှာ ခြောက်လက်မနှင့် အပေါ်လွှာ ၁၂ လက်မ စုစုပေါင်း ကွန်ကရစ် ၁၈ လက်မအထူဖြစ်သည်။ တံတားအပိုင်းတွင် တံတားရှည်ပြီး ခန်းဖွင့်ကျယ်သော သံမဏိသံပေါင်ရက်မများ အသုံးပြုထားကာ တံတားတိုပြီး ခန်းဖွင့်ကျဉ်းတံတားများအတွက် သံကူ ကွန်ကရစ်ရက်မများဖြင့် တည်ဆောက်ထားသော တံတားမျိုးစုံ စုစုပေါင်း ၁၇၂ စင်း ပါဝင်သည်။ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများတွင် စက်အား၊ လူအားဖြင့် ခင်းသည့်အပြင် လိုအပ်သောနေရာများတွင် ဓာတုဓာတ်ဆေးရည်ထည့်ပြီး ကွန်ကရစ်ဖြင့် ခံနိုင်ရည်အားကို မြင့်အောင် ဆောင်ရွက်ခဲ့သည်။

အကျယ် ၂၅ ပေ၊ အသွားနှစ်လမ်း အပြန်နှစ်လမ်း စုစုပေါင်း လေးလမ်းသွားဖြစ်ပြီး နှစ်လမ်းပေါင်းအကျယ်မှာ ပေ ၅၀ ကွန်ကရစ်လမ်းမကြီးဖြစ်သည်။ အမြန်လမ်းမကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းပိုင်းနှစ်ပိုင်းခွဲကာ တာဝန်ယူဆောင်ရွက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကလည်း တာဝန်ယူဆောင်ရွက်ခဲ့သည်။ လမ်းအပိုင်းတွင် လမ်းအသုံးပြုခကောက်ခံရေးစခန်း TOLL GATE ငါးခုကိုလည်း အဆင့်မြင့်နည်းပညာသုံးပြီး ကွန်ပျူတာများဖြင့် အသီးသီးဖွင့်လှစ်ထားသည်။ ရန်ကုန်အမှတ်(၃) လမ်းမကြီးမှ နေပြည်တော်အထိ ၂၀၂ မိုင် ၁ ဖာလုံကို Two Way, Two Lane ဖြင့် ပြည်သူများအသုံးပြုနိုင်ရန် စီစဉ်ထားသည်။

အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်များအသွားအပြန် သီးခြားစီရှိစေရေး၊ ယာဉ်ဖြတ်သန်းမှုကြောင့် အန္တရာယ်မဖြစ်စေရေးတို့အတွက် Culvert Box ၈၈၄ စင်း၊ အမြန်လမ်းမကြီးအနီး ကျေးရွာများအချင်းချင်း ဆက်သွယ်သွားလာနိုင်ရေးအတွက် Under Pass ၇၅ စင်း၊ Rest Camp သုံးခုတို့ကို ထည့်သွင်းတည်ဆောက်ထားသည်။ လမ်းမကြီးတွင် စားသောက်ဆိုင်များ၊ မော်တော်ယာဉ်အလုပ်ရုံ၊ စက်သုံးဆီအရောင်းဆိုင်၊ ယာဉ်ရပ်နားနေရာနှင့် ရဲစခန်းတို့ အသီးသီး ပါဝင်သည်။

ဒုတိယသမ္မတ သီဟာသူရဦးတင်အောင်မြင့်ဦး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်းကို တွေ့ရစဉ်။

“ဒေသခံပြည်သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လူမှုရေးအဆင့်မြင့်တင်ရေးနဲ့ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုမယ့် ဒီလမ်းပိုင်း အပါအဝင် တည်ဆောက်ပေးမှုအားလုံးအတွက် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်” **[အမရပူရမြို့နယ်ဒေသခံ ဦးအောင်နိုင်ဦး]**

“နေပြည်တော်မှ ရန်ကုန်သို့ လေအိတ်မှန်လုံကားစီးပြီး လေးနာရီနဲ့အရောက်သွားရာမှာ ခရီးသွားရတာလည်း သက်သောင့်သက်သာရှိ အချိန်ကုန်လည်းသက်သာလို့ နေပြည်တော်-ရန်ကုန် ခရီးသွားတိုင်း၊ ခရီးသွားတိုင်း စိတ်ချမ်းမြေ့နေတာအမှန်ပါ” **[နေပြည်တော်ဝန်ထမ်း ဦးငွေအောင်]**

“ရုံးဌာနတွေက နေပြည်တော်မှာဆိုပေမယ့် အလုပ်ကိစ္စရှိလို့ နေပြည်တော်ကိုသွားရင် အချိန်မကုန်ဘဲ လွယ်လွယ်ကူကူနဲ့ သွားလိုက်ပြန်လိုက်လုပ်နိုင်လို့ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးကို ကျေးဇူးတင်ထိုက်ပါတယ်” **[လုပ်ငန်းရှင် ဦးသိန်းကြိုင်]**

“ကျွန်တော်တို့ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းဆိုတာ မြန်မြန်နဲ့ အခေါက်ရေများများရရင် တွက်ခြေကိုက်လို့ အမြန်လမ်းမကြီးပေါ်မှာ ခရီးသည်ပို့ဆောင်ရေးလုပ်ရတာ ပိုကြိုက်ပါတယ်။ အခုဆို အမြန်လမ်းက ခရီးသည်ပိုများလာပြီး ခရီးစဉ်တိုး ဝင်ငွေတိုးလို့ အမြန်လမ်းမကြီးကို ကျေးဇူးတင်ပါတယ်” **[ယာဉ်ပိုင်ရှင် ဦးမြင့်ဝေ]**

“ရန်ကုန်-နေပြည်တော်အမြန်လမ်း (၁၀၅)မိုင်မှာ ယာဉ်ရပ်နားစခန်းနဲ့ စားသောက်ခန်းတွေ ဖွင့်ပေးထားလို့ ခရီးတစ်ဝက်မှာ ယာဉ်လည်းအနားရ၊ ခရီးသည်လည်း အနားရတဲ့အပြင် စားကောင်းသောက်ကောင်းလည်း စားရလို့ ကျေနပ်မိပါတယ်” **[ခရီးသည် မနေဇာဇာထွန်း]**

(နေပြည်တော်-မန္တလေးလမ်းပိုင်း)

အာဆီယံစံချိန်စံညွှန်းများ၊ နိုင်ငံတကာအဆင့်မီ ပုံစံများဖြင့် တည်ဆောက်ထား
အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း) တစ်နေရာကို တွေ့ရစဉ်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ရှိနေပြည်တော်အဝင် Toll Gate ကို တွေ့ရစဉ်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည်
ဖောက်လုပ်သောလမ်းမကြီးဖြစ်၍ နေပြည်တော်မှ
အသီးသီးသို့ အပြန်အလှန်အချိန်အတိုအတွင်း ပေါ
တန်ဖိုးမဖြတ်နိုင်သော လမ်းမကြီးဖြစ်သည်။

အလယ်ရိုးမ(ပဲခူးရိုးမ)နှင့် အရှေ့ရိုးမ(ရှမ်း
လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ယခင်က ရန်

ဟောင်း၊ ရန်ကုန်-မန္တလေးမီးရထားလမ်း၊ ပျ
ကျောက်ပန်းတောင်း မီးရထားလမ်းနှင့် ပျဉ်းမ
တို့မျှသာရှိခဲ့ရာမှ ယခုအခါ နေပြည်တော်ကို ဗဟို
သွားလာနိုင်သည့် အမြန်လမ်းမကြီးတစ်ခု တိုး

နိုင်ငံတစ်ဝန်းလုံးတွင်ရှိသော ပြည်သူများ
ပြည်သူများအတွက်ပါ ဝမ်းသာဂုဏ်ယူစရာဖြစ်သည်
ရေး၊ ပညာရေး၊ လူမှုရေး၊ ကူးလူးဆက်သွယ်ရေး
တိုးတက်မှုများအတွက်ပါ များစွာသော အကျိုး

အမြန်လမ်းမကြီး အသုံးပြုလာနိုင်သဖြင့်
ကုန်သက်သာပြီး ယင်းလမ်းမကြီးကြောင့် ဒေသ
လူမှုရေး၊ ကျန်းမာရေး စသည့်အခြေအနေများ
တိုးတက်လာမည်ဖြစ်သည်။

အချိန်တိုတိုဖြင့် နေပြည်တော်နှင့် တိုင်းဒေသ
သို့ အပြန်အလှန် ကဏ္ဍပေါင်းစုံမှ ဆက်သွယ်
ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေး၊ တိုင်းရင်းသ
အတွက် ကြီးမားသောအကျိုးတရား ရရှိမည်ဖြ

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် နေပြည်တော်ကို ဗဟိုပြုပြီး ဖောက်လုပ်သောလမ်းမကြီးဖြစ်၍ နေပြည်တော်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ အပြန်အလှန်အချိန်အတိုအတွင်း ပေါင်းစည်းဆက်သွယ်နိုင်သည့် တန်ဖိုးမဖြတ်နိုင်သော လမ်းမကြီးဖြစ်သည်။

အလယ်ရိုးမ(ပဲခူးရိုးမ)နှင့် အရှေ့ရိုးမ(ရှမ်းရိုးမ)နှစ်ခုအကြားတွင်ရှိပြီး လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ယခင်က ရန်ကုန်-မန္တလေး ကားလမ်း

ဟောင်း၊ ရန်ကုန်-မန္တလေးမီးရထားလမ်း၊ ပျဉ်းမနား-တောင်တွင်းကြီး-ကျောက်ပန်းတောင်း မီးရထားလမ်းနှင့် ပျဉ်းမနား-ပင်လောင်းကားလမ်းတို့မျှသာရှိခဲ့ရာမှ ယခုအခါ နေပြည်တော်ကို ဗဟိုအချက်ပြုပြီး အရပ်ရပ်သို့ သွားလာနိုင်သည့် အမြန်လမ်းမကြီးတစ်ခု တိုးလာသည်။

နိုင်ငံတစ်ဝန်းလုံးတွင်ရှိသော ပြည်သူများအတွက်သာမက ဒေသခံပြည်သူများအတွက်ပါ ဝမ်းသာဂုဏ်ယူစရာဖြစ်သည့်အပြင် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ကူးလူးဆက်သွယ်ရေးတို့အပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်မှုများအတွက်ပါ များစွာသော အကျိုးကျေးဇူးများရရှိသည်။

(နေပြည်တော်-မန္တလေးလမ်းပိုင်း)

...များ၊ နိုင်ငံတကာအဆင့်မီ ပုံစံများဖြင့် တည်ဆောက်ထားသည့် ရန်ကုန်-မန္တလေး ...ည်တော်-မန္တလေးလမ်းပိုင်း) တစ်နေရာကို တွေ့ရစဉ်။

အမြန်လမ်းမကြီး အသုံးပြုလာနိုင်သဖြင့် ခရီးသွားလာမှုတွင် အချိန်ကုန်သက်သာပြီး ယင်းလမ်းမကြီးကြောင့် ဒေသ၏စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့်အခြေအနေများ ပိုမို၍ မြင်သာထင်သာစွာ တိုးတက်လာမည်ဖြစ်သည်။

အချိန်တိုတိုဖြင့် နေပြည်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ အပြန်အလှန် ကဏ္ဍပေါင်းစုံမှ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သဖြင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက် ကြီးမားသောအကျိုးတရား ရရှိမည်ဖြစ်သည်။

မိတ္ထီလာ ဂေါက်သီးအသင်း နှစ်ပတ်လည် ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

မိတ္ထီလာဂေါက်သီးရိုက်အသင်း၏ ၂၀၁၂ ခုနှစ် နှစ်ပတ်လည် ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို Dagon Beverages ကုမ္ပဏီလီမိတက်၊ ကောင်းမြတ် ကုမ္ပဏီလီမိတက်၊ Air Bagan Ltd.၊ Nivea နှင့် KTM သောက်ရေသန့်တို့၏ ကူညီပံ့ပိုးမှုများနှင့်အတူ ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်နေ့များတွင် မိတ္ထီလာလေတပ်ဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ရန်ကုန်၊ မန္တလေး၊ မြင်းခြံ၊ ပခုက္ကူ၊ ညောင်ဦး၊ တောင်သာ၊ မလှိုင်၊ နွားထိုးကြီး၊ ကျောက်ဆည်၊ ရမည်းသင်း၊ သာစည်၊ ဝမ်းတွင်းနှင့် မိတ္ထီလာမြို့နယ်များမှ အားကစားသမား ၂၀၀ ကျော်၊ အသင်းပေါင်း ၂၀ လာရောက်ယှဉ်ပြိုင်ခဲ့သည်။ အတန်းလိုက်ပြိုင်ပွဲတွင် ရွှေတန်း ပထမ ဦးဇော်ဇော်၊ ဒုတိယ ဦးအောင်ကျော်စိုး၊ တတိယ ဦးတင်အောင်၊ ငွေတန်း ပထမ ဦးကျော်လင်း(ရေခဲ)၊ ဒုတိယ ဦးကျော်မင်းထွန်း၊ တတိယ ဦးကောင်းမြတ်ဦး၊ ကြေးတန်း ပထမ ဦးနေလင်း၊ ဒုတိယ ဗိုလ်ကြီး ရန်နိုင်စိုး၊ တတိယ ကိုပြည်စိုး၊ သက်ကြီးတန်း ပထမ ဦးခင်မောင်ထူး၊ ဒုတိယ ဦးကြည်မောင်၊ တတိယ ဦးဖိုးနီ၊ အမျိုးသမီး ဖိတ်ခေါ်ပြိုင်ပွဲ ပထမ မမြင့်မြင့်သိန်း၊ ဒုတိယ ဒေါ်ခင်ဌေးရီ၊ တတိယ မနှင်းမာလာနှင့် အသင်းလိုက်ပြိုင်ပွဲတွင် MAJESTY (မိတ္ထီလာ)အသင်းက ပထမ၊ ပခုက္ကူ (ခ)အသင်းက ဒုတိယဆုများ ရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟိုတယ်ဝန်ဆောင်မှုနှင့်ညှိလမ်းညွှန်သင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်ပေး

နိုင်ငံခြားသားဝင်ရောက်မှု လွယ်ကူချောမွေ့အဆင်ပြေစေရေး စီစဉ်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၉

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး နီလာအစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။

မှာကြား

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ ယခုကျင်းပသော အစည်းအဝေးတွင် ဟိုတယ်ဇုန်အလိုက် ဟိုတယ်အဆင့်အတန်း(Star) သတ်မှတ်ရေး၊ အခန်းများ အရည်အသွေးမြင့်မားရေး၊ အခန်းအရေအတွက် မှန်ကန်ရေးတို့ကို စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးအတည်ပြုရေး၊ နိုင်ငံခြားသားညှိသည်များ တည်းခိုနိုင်သည့် အဆင့်မီဟိုတယ်အခန်းအရေအတွက် စာရင်းရရှိရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များမှ တောင်းခံရန် ကျန်ရှိသည့်ကြွေးမြီများ လစဉ်အပြည့်အဝ တောင်းခံရရှိရေး၊ လုပ်ငန်းများ ကြန့်ကြာရပ်ဆိုင်းနေသော ပြည်ပရင်းနှီးမြှုပ်နှံမှု ဟိုတယ် (Delay Project)များအား တွန်းအားပေးဆောင်ရွက်ရေး၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းက ဟိုတယ်ဝန်ဆောင်မှုသင်တန်းများနှင့် ဧည့်လမ်းညွှန်သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးနိုင်ရေး၊ နိုင်ငံခြားသားဝင်ရောက်မှု လွယ်ကူချောမွေ့ အဆင်ပြေစေရေးအတွက် ဟိုတယ်ဇုန်အလိုက် ဆောင်ရွက်နေသည့် နိုင်ငံခြားသားခရီးသည် သယ်ယူပို့ဆောင်ရေးယာဉ်များ စီစဉ်ဆောင်ရွက်ရေး၊ နယ်စပ်ဝင်ပေါက်များတွင် (e-Visa) စနစ် ဖော်ဆောင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရေး၊ ငှားရမ်းသက်တမ်းစေ့ ဟိုတယ်များနှင့် သက်တမ်းမစေ့ ငှားရမ်းဟိုတယ်များနှင့် စားသောက်ဆိုင်များအတွက် ငှားရမ်းခ သတ်မှတ်ရေး၊ ငှားရမ်းမှုနည်းလမ်းများသုံးသပ်ရေးနှင့် အဆင့်မြှင့်တင်ဆောင်ရွက်ရေး၊ ဝန်ကြီးဌာန၏ ဝန်ထမ်းသာရေး/နာရေး ရန်ပုံငွေအတွက် ဌာနအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးများကို ရှင်းလင်းတင်ပြကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ရုံးအဖွဲ့မှူးနှင့် ဌာနအလိုက် တာဝန်ရှိသူများက လုပ်ငန်းတာဝန်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ရုပ်မြင်ခံစား ရုပ်မြင်သံကြား

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက် (အဖိတ်နေ့)

၃၀-၁-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၀	၂။	နံနက်ခင်းသတင်း
၇:၅၀	၃။	**သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၁၅	၄။	တေးဂီတအစီအစဉ်
၈:၃၀	၅။	အတီးပြိုင်ပွဲ
၈:၄၀	၆။	International News
၈:၄၅	၇။	**အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ**

ညပိုင်း

၄:၃၅	၁။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၃၀	၂။	မြန်မာတေးသံရှင် ရွေးချယ်ပွဲ
၆:၀၀	၃။	ညနေခင်းသတင်း
၆:၁၅	၄။	မိုးလေဝသအခြေအနေ
၆:၂၀	၅။	ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** (ဒုတိယတွဲ) (အပိုင်း-၃၈) (ဇာတ်သိမ်းပိုင်း)
၇:၅၀	၇။	**စိုက်ပျိုးရေးအားမာန် ကညင်ရေလှောင်တမံ**
၈:၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	ကမ္ဘာကျော်သရုပ်ဆောင်များ
	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **မွေးစားသား** (အပိုင်း-၂၁)
	၁၂။	အိန္ဒိယရုပ်ရှင် **ဥယျာဉ်မှူးရဲ့ ပန်းပျိုးလက်** (အပိုင်း-၁)

MRTV-4

၃၀-၁-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅:၂၀	MRTV-4 သတင်း
၅:၄၀	**သုတ်တော်ကောင်းရတနာ(၇)ပါး** တရားတော် ဘဒ္ဒန္တစန္ဒသေန (သုညတမေ္မဆရာတော်)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၀၂)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၅၅)
၉:၄၅	လင်းလက်မှုများနှင့်လှပခဲ့သောည (Silver Tiger)
၁၀:၃၀	Celebrity Choice
၁၁:၁၅	Parkway Health နောက်ဆုံးပေါ် ဦးနှောက်နှင့် အာရုံကြောခွဲစိတ်မှုများ
၁၁:၄၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **တေးသွားဧကရီ** (အပိုင်း-၂)
၂:၀၀	MRTV-4 သတင်း
၂:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၀၂)
၃:၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၅၅)
၄:၀၀	**MNL MYANMAR 2012 (Chin United FC Vs Nay Pyi Taw FC) (LIVE)**
၆:၀၀	MRTV-4 သတင်း
၆:၅၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၀၃)
၈:၀၀	MRTV-4 သတင်း
၉:၂၀	The Shop Around the Corner (Part II)
၉:၃၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း- ၅၆)
၁၀:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **တေးသွားဧကရီ** (အပိုင်း -၃)
၁၁:၅၀	FMF Selection
၁၂:၂၀	ကျန်းမာစေသော ပတ်ဝန်းကျင် (ဒေါက်တာခင်မောင်လွင်၊ စာရေးဆရာဟိန်းလတ်)
၁၂:၄၅	ကိုယ်ပိုင်ဟန်ဖက်ရှင် (ပန်းခရမ်းပြာ လန်းဖြာဖြာ)
၁:၀၅	**ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ** ဆုပန်ထွာ၊ပွင့်၊ ဟဲဗီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁:၁၀	Box Office Movie (Harry Potter)
၂:၄၅	Shooting Location (ခင်ယုမေအိမ်)
၄:၀၅	ဆီထွက်သီးနှံများထဲမှ **ဆီအုန်း**
၄:၂၀	ပန်းပုပန်းချီတုမမီအောင် လက်ရာစုံပေသည်…
၄:၃၅	ခနဖြူရဲ့အထင်ကရနေရာများဆီသို့ အလည်တစ်ခေါက်

မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် သီလဝိသောဓနီ သိမ်တော်ကြီးအတွင်း တပ်ဆင်ရန် ခေါင်းလောင်းနှင့် မျက်နှာကြက်အတွက် အလှူငွေကျပ် ၁၅ သိန်း ခုနစ်သောင်းကို မြောက်ဥက္ကလာပမြို့နယ်နေ မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ) သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း-သမီး မမိုးပြည့်ပြည့်ဖြိုးမိသားစုတို့က ဇန်နဝါရီ ၁၄ ရက်ကလှူဒါန်းရာ သိမ်ဖြစ်မြောက်ရေးဘဏ္ဍာရေးမှူး ဦးအုန်းမောင် လက်ခံယူစဉ်။ (မြန်မာ့အလင်း)

ကိုနေးရဲ့ ဂိုးနဲ့ မကွေးနိုင်ပွဲစရ

သတင်းနှင့် ဓာတ်ပုံ ဖိုးသော်ဇင်

ရန်ကုန် ဇန်နဝါရီ ၂၉

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၄) ဒုတိယနေ့ ပွဲစဉ်တွေကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၊ ပဒုမ္မာကွင်းနှင့် YUSC ကွင်းတို့မှာ ဆက်လက်ကျင်းပခဲ့ပါတယ်။

(အောင်ဆန်းကွင်း)

မကွေး - တစ်ဂိုး

ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ

ဇွဲကပင်အသင်းဟာ ပြည်တွင်းကစားသမားတွေက အတွေ့အကြုံနုနယ်သေးတာကြောင့် နိုင်ငံခြားသားကစားသမားတွေနဲ့ အတွဲအဖက် မမိသေးဘဲ လေးပွဲကစားပြီးချိန်အထိ ဇွဲကပင်တို့ အမှတ်မရသေးပါဘူး။ မကွေးအသင်းကလည်း အခုရာသီမှာ အကောင်းဆုံး ပုံစံမရသေးဘဲ အခုပွဲမှာ နိုင်ပွဲစရခဲ့တာပါ။ သုံးပွဲဆက်သရေကျထားပြီး ၄၄ မိနစ်မှာ သွင်းယူခဲ့တဲ့ ကိုနေးရဲ့ ဂိုးနဲ့ မကွေးတို့ နိုင်ပွဲစရသွားတာပါ။

(YUSC ကွင်း)

ဇေယျာရွှေမြေ - ဂိုးမရှိ

မောရဝတီ - ဂိုးမရှိ

ဇွဲကပင်ဘက်သို့ မကွေးအသင်း တိုက်စစ်ဆင်နေစဉ်။

(ပဒုမ္မာကွင်း)

ရက္ခပူရယူနိုက်တက် - နှစ်ဂိုး

(အောင်စိုးမိုးနှင့်အဲလက်စ်)

Southern - ဂိုးမရှိ

ယနေ့ပွဲ

(အောင်ဆန်းကွင်း)

ချင်းယူနိုက်တက် - နေပြည်တော်

ကျောက်ဆည်မြို့နယ်၌ နို့စားနွားများ စီးပွားဖြစ်မွေးမြူ

ကျောက်ဆည် ဇန်နဝါရီ ၂၉

ကျောက်ဆည်မြို့နယ်တွင် နို့စားနွားများကို စီးပွားဖြစ်မွေးမြူလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းထိုက်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ အောင်ကြည်ဦး၊ ဒုတိယဦးစီးမှူး ဒေါက်တာဇော်လင်းတို့သည် ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၂ နာရီက ကျောက်ဆည်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ရောက်ရှိပြီး နို့စားနွား မွေးမြူသောလုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ ခရိုင်ဦးစီးမှူး ဒေါက်တာသိန်းမင်းက ကျောက်ဆည်မြို့ ရဲစုရပ်ကွက်တွင် မြဘုရင်နို့ချက်စက်ရုံမှ မွေးမြူထားသော နို့စားနွား အကောင် ၂၀၀ မွေးမြူရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးနှင့်အဖွဲ့သည် မြဘုရင်နို့ချက်စက်ရုံနှင့် နို့မှုန့်စက်ရုံသို့ သွားရောက်ရာ ပိုင်ရှင်ဦးဝင်းဗိုလ်က နွားနို့များကောက်ယူပုံ အဆင့်ဆင့်နှင့် နို့မှ နို့ဆီနှင့် နို့မှုန့်ထုတ်လုပ်ခြင်းလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး ဒေါက်တာ သန်းထိုက်က နို့စားနွားများတွင်ဖြစ်တတ်သော ရောဂါများအကြောင်းနှင့် ကာကွယ်ဆေးများ စနစ်တကျမှန်ကန်စွာ ထိုးနှံကြရန်၊ နို့ထုတ်လုပ်သောနွားမွေးမြူရေးလုပ်ငန်းများ၏ လူနေမှုအဆင့်တိုးတက်မြင့်မားစေရန်၊ နို့ကုန်ချောထုတ်လုပ်သူများက တစ်ဖက်တစ်လမ်းမှ ပြန်လည်ပံ့ပိုးသွားရန်နှင့် မိမိတို့ဌာနကလည်း လိုအပ်သော နည်းပညာများ ပံ့ပိုးသွားမည့်အစီအစဉ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ (၄၁၀)

မိုးကောင်းမြို့နယ်၌ ဒီဇင်ဘာ ၂၀ ရက်က ကျင်းပသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဟောပြောပွဲတွင် မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လင်း ရှင်းလင်းပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂၉

စာကြည့်တိုက်ဆောက်လုပ်ရန် ဗန်းမော်၌ပန္နက်တင်

ဗန်းမော်မြို့နယ် ကမ္ဘာနီကျေးရွာတွင် နိုင်ငံတော်မတည်ငွေနှင့်ကျေးရွာပြည်သူများ စုပေါင်းလှူဒါန်းငွေတို့ဖြင့် မိုးသောက်ပန်းစာကြည့်တိုက်အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်နန်းမြမြဝင်း၊ ဒုတိယဦးစီးမှူး ဒေါ်သီတာအေးနှင့် ကမ္ဘာနီကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမောင်တို့က ပန္နက်ရိုက်ပေးကြသည်။

ဆက်လက်၍ အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပရာ ဦးစိုင်းတင်မြင့်မိသားစု(မြန်မာ့ရေနံ)နှင့် ဦးကျော်နိုင်မိသားစု (ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)တို့က စာကြည့်တိုက်အဆောက်အအုံသွပ်မိုးရန်အတွက် အလှူငွေကျပ်တစ်သိန်းရှစ်သောင်းနှင့် Weekly eleven ဂျာနယ်အစောင် ၁၂၀ ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမောင်က လက်ခံယူသည်။ အဆိုပါ စာကြည့်တိုက်အဆောက်အအုံသည် အလျား ၂၄ ပေ၊ အနံ ၁၆ပေ၊ အမြင့် ၁၂ ပေရှိ အုတ်ညှပ်၊ သွပ်မိုး၊ သမံတလင်းခင်းဖြစ်ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ဆူးကလပ်ကျေးရွာ စာပန်းခင်း စာကြည့်တိုက်အတွက် ဇန်နဝါရီ ၂၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန့်ဆွေနွယ်ဦးက မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းက လှူဒါန်းသော စာအုပ် စာစောင် ၁၅၀ ကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမင်းလှဦးထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

သိန်းနီမြို့၌ ကတ္တရာလမ်းသစ်ဖွင့်

သိန်းနီ ဇန်နဝါရီ ၂၉

သိန်းနီမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သောအမှတ်(၄) ရပ်ကွက် ဇီဇဝါလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီခွဲက အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ကျော်က လမ်းဖွင့်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အမှတ်(၄) ရပ်ကွက် ကတ္တရာလမ်းသစ်ကို သိန်းနီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးခင်စောတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါလမ်းမှာ အရှည်ပေ ၁၆၀၀၊ အကျယ် ၁၂ ပေ ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၆၂၀၀၀၀၀ အကုန်အကျခံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။ (၆၅၇)

မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၂၉

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား (၂၁) နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇန်နဝါရီ ၂၇ ရက် ညနေ ၃ နာရီခွဲက မြို့နယ်အားကစားကွင်း၌ ဗိုလ်မင်းရောင်အသင်းနှင့် ညောင်ပင်သာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗိုလ်မင်းရောင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဆုရ ညောင်ပင်သာအသင်းအား ဒုတိယဆုဖလားနှင့် ငွေကျပ်နှစ်သိန်းကို မြို့နယ်စီမံကိန်းမှူး ဦးဝင်းနိုင်က ပေးအပ်ပြီး အနိုင်ရဗိုလ်စွဲသွားသော ဗိုလ်မင်းရောင်အသင်းအား ပထမဆုဖလားနှင့် ငွေကျပ်သုံးသိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလှက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (၁၆၂)

ဈေးငွေပြန်ဆပ်ရက်အား မတ်လကုန်အထိ တိုးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြန်မာနိုင်ငံအရပ်ရပ်ရှိ တောင်သူများအား စိုက်ပျိုးစရိတ်အဖြစ် တစ်ဧကလျှင် ကျပ်လေးသောင်းစီ ထုတ်ချေးခဲ့ရာ နောက်ဆုံးပြန်လည်ပေးသွင်းရမည့်ကာလမှာ ယခင်က ဇန်နဝါရီလဟု သတ်မှတ်ခဲ့သော်လည်း ယခုအခါ မတ်လကုန်အထိ တိုးမြှင့်လိုက်ကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဇန်နဝါရီ ၂၂ ရက်ကတည်းက ဝန်ကြီးက တိုက်ကြီးမြို့နယ်မှ တောင်သူတွေကို အသိပေးခဲ့ပါတယ်။ မိုးစပါးတုန်းက တောင်သူတွေ စိုက်ခင်းတွေ ရေမြုပ်ဆုံးရှုံးခဲ့တဲ့အတွက် တောင်သူတွေစုပြီး ဝန်ကြီးဆီတင်ပြလာကြပါတယ်။ နောက်ပြီး စပါးဈေးကလည်း မတက်သေးတော့ တောင်သူတွေ ချေးငွေပြန်ဆပ်ဖို့အခက်ကြုံရတယ်။ ဒါကြောင့် ဝန်ကြီးက မတ်လအထိ ရွှေ့ဆိုင်းလိုက်တယ်" ဟု တာဝန်ရှိသူက ပြောကြားသည်။ အဆိုပါ ချေးငွေရွှေ့ဆိုင်းခြင်းအား ဒေသအားလုံးရှိ တောင်သူအားလုံး အကျုံးဝင်မည်ဖြစ်ကာ ယခုမတ်လကုန်တွင် နောက်ဆုံးထားပေးသွင်းကြရမည်ဖြစ်သည်။ တောင်သူများအနေနှင့် မိုးကြီးရေမြုပ်ခြင်းကြောင့် စိုက်ခင်းများပျက်စီးခဲ့ခြင်းအပြင် စပါးဈေးမှာကျဆင်းလျက်ရှိပြီး အရောင်းအဝယ်ပါးခြင်းတို့ကြောင့် ဆိုင်းငံ့သတ်မှတ်ပေးရခြင်းဖြစ်ကြောင်း သိရှိရသည်။ **(ခင်ရတနာ)**

မြန်မာ့အလင်း မှုခင်းသတင်း ၂၉-၁-၂၀၁၂

စမ်းချောင်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် စမ်းချောင်းမြောက်ရပ်ကွက် မင်္ဂလာလမ်း တိုက်နံပါတ် ၄၄ ခြောက်လွှာ(ဘီ)တွင် ဇန်နဝါရီ ၂၆ ရက် နံနက် ၆ နာရီ ၁၀ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

စတင်လောင်ကျွမ်း

ဖြစ်ပွားပုံမှာ ဒေါ်မွေး(၃၇)နှစ်သည် နံနက်ပိုင်း ဈေးသွားမရောင်းမီ အိပ်ခန်းအတွင်းရှိ ဘုရားစင်တွင် ဖယောင်းတိုင်မီးထွန်းပူဇော်ခဲ့ရာမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

ငြိမ်းသတ်နိုင်

မီးစတင်လောင်ကျွမ်းစဉ် နေအိမ်တွင် ကလေးငယ်များသာ ရှိနေကြပြီး ပတ်ဝန်းကျင်က အကူအညီတောင်းသဖြင့် စမ်းချောင်းမြို့နယ် မီးသတ်စခန်းမှ ရောက်ရှိလာပြီးနောက် နီးစပ်ရာမြို့နယ်များမှ မီးသတ်ယာဉ်များစုစုပေါင်း ၁၄ စီး ပူးပေါင်းငြိမ်းသတ်ကြသဖြင့် မီးမှာ နံနက် ၆နာရီ ၄၂မိနစ်တွင် ငြိမ်းသတ်နိုင်ခဲ့ကြကြောင်း သိရှိရသည်။ (၀၀၇)

နှစ်လုံးထီရောင်းသူအား ဖမ်းဆီးအရေးယူ

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ ဥယျာဉ်တော်အနောက်သာယာကုန်းရပ်ကွက်တွင် နှစ်လုံးထီရောင်းသူအား ဇန်နဝါရီ ၂၅ ရက် ညနေ ၄ နာရီက ဖမ်းဆီးအရေးယူခဲ့သည်။

ဖြစ်စဉ်မှာ အမရပူရရဲစခန်းမှ ဒုရဲအုပ်ဇော်လင်း၊ မြစ်ငယ်ရဲစခန်းမှ နယ်ထိန်းဒုရဲအုပ်အောင်နိုင်ထွန်းနှင့် အဖွဲ့သည် သက်သေလူကြီးများနှင့်အတူ သတင်းအရ မြစ်ငယ်မြို့ ဥယျာဉ်တော်အနောက်သာယာကုန်းရပ်နေ မင်းသား(ခ) ဇော်နိုင်ဝင်း၏ နေအိမ်ခြံဝင်းအတွင်း ဝင်ရောက်ရှာဖွေရာ နှစ်လုံးထီစာရွက်စာတမ်းများနှင့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၄၇၀၇၅၀ နှင့်အတူ ဆိုင်ကယ်တစ်စီးကိုတွေ့ရှိ၍ အိမ်ရှင်မင်းသား(ခ)ဇော်နိုင်ဝင်းနှင့် တင်စိုးဝင်းတို့အား မြစ်ငယ်ရဲစခန်းမှ ဖမ်းဆီးအရေးယူထားကြောင်း သိရှိရသည်။ (၁၅၉)

ရေးမြို့၌ ဆိုင်ကယ်တိုက်မှုဖြစ်ပွား လူတစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

မွန်ပြည်နယ် ရေးမြို့ မွေးမြူရေးဇုန် ရေး-အစင်သွား ဝါးတားဂိတ်အလွန်ကားလမ်း၌ ဇန်နဝါရီ ၂၆ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်က ရေးမြို့ဘက်မှ အဘော်ကျေးရွာဘက်သို့ မျိုးအောင် (၃၇)နှစ် (ဘ)ဦးထွန်းတင် မောင်းနှင်လာသော ဆိုင်ကယ်နှင့် အစင်မြို့ဟောင်းနှင့် အဘော်ကျေးရွာဘက်မှ ရေးမြို့ဘက်သို့ ပလိုင်ဒွတ် (၂၃)နှစ် (ဘ)ဦးချောက် မောင်းနှင်လာသည့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ မျိုးအောင်မှာ ဒဏ်ရာပြင်းထန်စွာဖြင့် ဖြစ်ပွားသည့်နေရာတွင်ပင် သေဆုံးခဲ့ပြီး ပလိုင်ဒွတ်နှင့် ဆိုင်ကယ်နောက်လိုက်ပါသူ ခင်လှိုင်တို့မှာ အတွင်းလူနာအဖြစ် မြို့နယ်ပြည်သူ့ဆေးရုံတွင် အရေးပေါ်ဆေးဝါးကုသလျက်ရှိကြောင်း သိရှိရသည်။ **နေမျိုးထွန်း (ရေး)**

သီပေါ၌ မီးလောင်မှုဖြစ်ပွား

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အနောက်ရပ်ကွက် သိန်းနီလမ်းနယ်မြေ (၅)နေ အိမ်ရှင် ဦးအေးဖုန်း(ခ) ဦးဖုန်းမြင့်၏ သန့်သန့်လေးကုန်စုံဆိုင်မှ ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ က မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ အဆိုပါဆိုင်အတွင်း ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီလဲလှယ်ရာမှ လောင်ကျွမ်းခြင်းဖြစ်ပြီး သွပ်မိုး၊ အုတ်နံကပ် ကိုးပင်နှစ်ခန်း၊ ၁၂ ပေ၊ ကိုးပေအခန်းတစ်ခန်းနှင့် ဓာတ်ဆီနှစ်ပီပါပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ကျွမ်းရာသို့ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများက မီးသတ်ယာဉ်လေးစီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေကားနှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မီးညွန့်ကျိုးသွားကြောင်းနှင့် မီးလောင်မှုနှင့်ပတ်သက်၍ သီပေါရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၀၇၂)

အခွန်ဆိုင်ရာဆွေးနွေးပွဲ လက်ပံတန်းမြို့နယ်၌ကျင်းပ

လက်ပံတန်း ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် အခွန်ဦးစီးဌာနရုံး၌ ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက အခွန်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပသည်။

အခွန်ဆိုင်ရာလုပ်ငန်းများကို လက်ပံတန်းမြို့နယ် အခွန်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်လှိုင်က ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် အခွန်ဝန်ထမ်း ၁၀၀ တက်ရောက်ဆွေးနွေးကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ်အခွန်ဦးစီးဌာန)**

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာ

ဒီကနေ့ပို့ချမှာကတော့ ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်သင်ရိုးနဲ့ ပတ်သက်ပြီး အထူးဂရုပြုလေ့လာသင့်တဲ့အကြောင်းအရာတွေဖြစ်တယ်။ အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်တန်းပထဝီဝင် သင်ရိုးမှာ သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင်ဆိုပြီး အပိုင်းကြီး (၅)ပိုင်းပါဝင်တယ်။

အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းမှာ

ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာရွေ့လျားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဌာန်များ၊ အိုင်များ၊ စိမ့်များနဲ့ ကျွန်းများအကြောင်းပါဝင်တယ်။

အပိုင်း(ခ) စီးပွားရေးပထဝီဝင်အပိုင်းမှာ

ကမ္ဘာပေါ်ရှိဒေသကြီးများနှင့် နိုင်ငံများရဲ့ သတ္တုတွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ ရေအား၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးများ ပါဝင်တယ်။

အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းမှာ

မြန်မာနိုင်ငံရဲ့ စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးတို့ ပါဝင်တယ်။

အပိုင်း(ဃ) ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်)နိုင်ငံအပြင် ပြင်သစ်နိုင်ငံနဲ့ ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားတယ်။

အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းမှာ

စကေးများ၊ကွန်တိုနဲ့ ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများ လေ့လာခြင်း၊ ကောင်းကင်ဓာတ်ပုံများကို လေ့လာပြန်ဆို တွက်ချက်ခြင်းများ ပါဝင်တယ်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံမှာ အပိုင်းခြောက်ပိုင်းပါဝင်ပြီး

အပိုင်း(က)ဓမ္မဓိဌာန်၊ အပိုင်း(ခ)သဘာဝပထဝီဝင်၊ အပိုင်း(ဂ)စီးပွားရေးပထဝီဝင်၊ အပိုင်း(ဃ) မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(င) ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(စ) လက်တွေ့ပထဝီဝင်မေးခွန်းများ ဖြစ်တယ်။ အဲဒီအထဲမှာ အပိုင်း(က)နှင့် (စ)မှာ မေးခွန်းအားလုံးကို ဖြေဆိုရမှာဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်း(၆)ပုဒ် ဖြေဆိုရမှာဖြစ်တယ်။ လိုအပ်တဲ့နေရာများမှာ မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများရေးဆွဲပြီး ဖြေရမှာဖြစ်တယ်။ **ဖြေဆိုချိန် (၃) နာရီ** ဖြစ်ပြီး စုစုပေါင်းပေးမှတ်မှာ **(၁၀၀)** ဖြစ်တယ်။

အပိုင်း(က) ဓမ္မဓိဌာန်မှာ သုံးပိုင်းပါဝင်ပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ၁ (က) မှား/မှန်ရွေး၊ ၁ (ခ) ကွက်လပ်ဖြည့်၊ ၁ (ဂ) အဖြေမှန်ရွေးတို့ ဖြစ်တယ်။

အပိုင်း(ခ)မှာ မေးခွန်းရှည်နှစ်ပုဒ်နဲ့ မှတ်စုတိုမေးခွန်းများဆိုပြီး စုစုပေါင်း (၃)ပုဒ်မေးထားပြီး နှစ်သက်ရာ (၁)ပုဒ်ရွေးပြီး (၁၅)မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ အကယ်၍ မှတ်စုတိုမေးခွန်းကိုဖြေဆိုလျှင် နှစ်သက်ရာ မှတ်စုတို (၂)ပုဒ်ကို ဖြေဆိုနိုင်တယ်။ ဒီလိုပဲ **အပိုင်း(ဂ)၊ (ဃ)၊ (င)**တို့မှာလည်း (၁၅)မှတ်ဖိုးစီ ဖြေရမှာဖြစ်ပြီး (၄)ပိုင်းအတွက် စုစုပေါင်း အမှတ် (၆၀) ပေးထားတယ်။

လက်တွေ့ပထဝီဝင် အပိုင်း(စ) မေးခွန်း ၁၄ (က) မှာ ၁၀ မှတ်နှင့် ၁၄ (ခ)အတွက် (၁၅) မှတ်ဆိုတော့ စုစုပေါင်းပေးမှတ် (၂၅) မှတ်ဖြစ်ပြီး ဓမ္မဓိဌာန်လိုပဲ မဖြေမနေရဖြစ်တယ်။

မေးခွန်းမှာသင်ရိုးညွှန်းတမ်းကို ခြုံငုံမိအောင်မေးမှာဖြစ်တဲ့အတွက် ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါသင်ရိုးအားလုံးကို ကျေကျေညက်ညက် ဖတ်၊ မှတ်ဖို့လိုပါတယ်။ သင်ခန်းစာအားလုံးကို မြေပုံနှင့်တကွ မှန်မှန်လေ့ကျင့်ထားရပါမယ်။ သီအိုရီအပိုင်းကို လေ့လာကျက်မှတ်တဲ့အခါ မြေပုံနဲ့ အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်တဲ့အတွက် အလွတ်ကျက်ခြင်းထက် ပိုပြီးဖြေဆိုနိုင်တယ်။

ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံများ ပါဝင်တယ်။ နိုင်ငံတိုင်းရဲ့တည်နေရာ၊ အကျယ်အဝန်းနဲ့ ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများကိုသိရမယ်။ ဓမ္မဓိဌာန်များကိုလည်း ဒီအပိုင်းများမှ သိသင့်တဲ့အချက်များကို မှား/မှန်၊ ကွက်လပ်ဖြည့်၊ အဖြေမှန်ရွေးစသည်ဖြင့် မေးနိုင်တာကိုသတိပြုပါ။

ဒါ့အပြင် ကမ္ဘာ့နိုင်ငံများပထဝီဝင်နှင့် ကွန်တိုမြေပုံလေ့လာဖြေဆိုရန်အတွက် ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေးပထဝီဝင်ဆိုပြီး ခွဲခြားလေ့လာမှတ်သားသင့်တယ်။ **ရူပပထဝီဝင်အပိုင်း**မှာ တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နဲ့ ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နဲ့ မြေဆီလွှာများပါဝင်တယ်။ **သဘာဝပထဝီဝင်** မှာ မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာ ပါဝင်တယ်။ **လူမှုရေးပထဝီဝင်** မှာ လူဦးရေ၊ လူမျိုးနှင့် မြို့ရွာပျံ့နှံ့တည်ရှိမှုများ ပါဝင်တယ်။ **စီးပွားရေးပထဝီဝင်** မှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်း တူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ကုန်သွယ်ရေးများပါဝင်တယ်။ **စီးပွားကုန်ထုတ်လုပ်ငန်း**မှာတော့ စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာ ပါဝင်တယ်။

ဆက်လက်ပြီးပို့ချမှာကတော့ လက်တွေ့ပထဝီဝင်အပိုင်းဖြစ်တဲ့ မေးခွန်း ၁၄ (က)မှာ စကေးနဲ့ ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုကိုဖြေရမယ်။ ၁၄(ခ)မှာတော့ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာဖြစ်တယ်။ ဒီအပိုင်းမှာလေ့ကျင့်ဖို့အများကြီးလိုအပ်တယ်။ပို့ချချက်ပါညွှန်ကြားချက်များအတိုင်း ဆွဲသားနည်း၊ ဖြေဆိုနည်းတွေကို စာမေးပွဲနီးမှ လေ့ကျင့်တာမျိုးမဖြစ်သင့်ပါ။ ဥပမာ-ပုံပြစကေးဖြစ်တဲ့ စကေးကျဲ၊ စကေးစိပ်များ တွက်ချက်ရေးဆွဲရာမှာ ပို့ချချက်များကိုဖတ်ရှုရုံနဲ့ မလုံလောက်ပါ။ လက်တွေ့အကြိမ်ကြိမ် လေ့ကျင့်ဆွဲသားမှသာ စာမေးပွဲဖြေဆိုတဲ့အခါ အလွယ်တကူ ဆွဲလို့ရမှာဖြစ်တယ်။ အလားတူ ကွန်တိုမြေပုံလေ့လာပြန်ဆိုရာမှာလည်း နှစ်စကတည်းက ကွန်တိုပုံများကို မှန်မှန်လေ့ကျင့်ထားသင့်တယ်။ ကောင်းကင်ဓာတ်ပုံနဲ့ ပတ်သက်တဲ့ ပုစ္ဆာတွေတွက်ရာမှာလည်း ပုံသေနည်းများကို အလွတ်ကျက်တာထက် သင်္ကေတရှင်းလင်းချက်များကို နားလည်အောင်မှတ်ဖို့လိုတယ်။ လက်တွေ့တွက်ချက်ခြင်းများမပြုမီ စကေးရဲ့အဓိပ္ပာယ်၊ မြေပုံများပေါ်တွင် စကေးကိုဖော်ပြခြင်း၊ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများ ပါဝင်တယ်။

စကေးဆိုသည်မှာ မြေပုံပေါ်မှ အကွာအဝေးနှင့် မြေပြင်ပေါ်မှ အကွာအဝေးတို့၏ အချိုးဖော်ပြချက် ဖြစ်တယ်။ စကေးအမျိုးအစား (၃) မျိုးရှိတယ်။ ယင်းတို့မှာ-

(၁) **စာစကေး** (ဝါ) စာတန်းစကေး၊ (ဥပမာ- တစ်လက်မလျှင် တစ်မိုင်)

(၂) **အချိုးစကေး** (ဝါ) အပိုင်းစကေး (ဥပမာ- ၁း၆၃၃၆၀ (ဝါ) ၆၃၃၆၀ ပိုင်း တစ်ပိုင်း) နှင့်

(၃) **ပုံပြစကေး** (ဥပမာ- အတိုင်းအတာတစ်ရပ်ရှိသော မျဉ်းတစ်ကြောင်းကို စိတ်ပိုင်းကာ အချိုးကျ မြေပြင်အကွာအဝေးများကို ရေးမှတ်ဖော်ပြသော စကေးအမျိုးအစားဖြစ်တယ်)။

ပုံပြစကေးအမျိုးအစားကို အဓိကအားဖြင့်(၂)မျိုးခွဲခြားထားတယ်။ ၎င်းတို့မှာ **စကေးစိပ်/အပြည့်စကေး** နှင့် **စကေးကျဲ/အဖွင့်စကေး** တို့ဖြစ်တယ်။ ပုံပြစကေးရေးဆွဲရာမှာ **တွက်ချက်ရန်နဲ့ ဆွဲသားရန်** ဟူ၍ နှစ်ပိုင်းပါဝင်တယ်။

ပုံပြစကေးများတွက်ရန်၊ ဆွဲရန်အတွက် အနည်းဆုံးပြုရမယ့် ကိန်း၏ "ယူနစ်" ကို သတိပြုရန် လိုအပ်တယ်။ တွက်ချက်တဲ့အခါ ရေးဆွဲရမယ့် မျဉ်းရဲ့ အလျားဟာ လေးလက်မနှင့် ခြောက်လက်မကြားရှိရင် အသင့်တော်ဆုံးဖြစ်တယ်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင်တွက်ရမယ်။ တွက်ချက်လို့ရတဲ့ အဖြေပေါ်မူတည်ပြီး စကေးမျဉ်းကို တိကျမှန်ကန်အောင် ဆွဲရန်လိုတယ်။ အပိုင်းများကို စိတ်ပိုင်းတဲ့အခါမှာလည်း အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းရန် အဓိကလိုအပ်တယ်။

ကောင်းကင်ဓာတ်ပုံလေ့လာပြန်ဆိုခြင်းအခန်းမှာပါဝင်တဲ့
ကောင်းကင်ဓာတ်ပုံစကေးများရှာရာမှာ

(၁) **ကင်မရာဆုံတာနဲ့လေယာဉ်ပျံသန်းသောအမြင့်တို့ကို အချိုးဖြင့် စကေးရှာနည်း**

(၂) **ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်း**

(၃) **စကေးသိသောမြေပုံနဲ့ နှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်းဟူ၍ နည်း(၃)နည်းရှိသည်။**

(၁) **ကင်မရာဆုံတာနဲ့ လေယာဉ်ပျံသန်းသောအမြင့်တို့ကို အချိုးဖြင့်စကေးရှာနည်းမှာ**

အသုံးပြုရမည့်ပုံသေနည်း(က)မှာ

$$\text{Scale or RF} = \frac{f}{H}$$

အသုံးပြုရမည့် ပုံသေနည်း(ခ)မှာ

$$\text{Scale or RF} = \frac{f}{(A-h)}$$

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

Scale or RF (Representative Fraction)	ဆိုတာကတော့	စကေး/အချိုးစကေး
f	ဆိုတာကတော့	ကင်မရာဆုံတာ (focal length)
A	ဆိုတာကတော့	ပင်လယ်ပြင်အထက် လေယာဉ်ပျံသန်းသောအမြင့် (Altitude)နဲ့
h	ဆိုတာကတော့	ကုန်းမြေအမြင့် (Height of the terrain)
H	ဆိုတာကတော့	ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့် (Flying Height above the ground) ဖြစ်တယ်။

ဥပမာ ။ ကင်မရာဆုံတာ ၆လက်မဖြင့် ရိုက်ကူးထားသော ကောင်းကင်ဓာတ်ပုံတစ်ပုံ၏ စကေးမှာ ၁း၆၀၀၀ဖြစ်လျှင် ရိုက်ကူးသောအချိန်၌ ပျံသန်းသည့်လေယာဉ်၏ မြေပြင်အထက် **အမြင့်ပေ** ကို ရှာပါ။

တွက်နည်း

ကင်မရာဆုံတာ (f) = ၆လက်မ

ဓာတ်ပုံ၏စကေး (RF)= ၁း၆၀၀၀

ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့် (H) = ?



အသုံးပြုသောပုံသေနည်း $RF = \frac{f}{H}$

H = ၆ ×၆၀၀၀

= ၃၆၀၀၀ လက်မ / ၁၂ လက်မ

H = ၃၀၀၀ ပေ

အဖြေ = လေယာဉ်၏မြေပြင်အထက်ပျံသန်းသော အမြင့်ပေ ၃၀၀၀

ပုံသေနည်း(ခ)မှာ လေယာဉ်ပျံသန်းသောအမြင့် (H)ကို တိုက်ရိုက်မပေးထားတဲ့အတွက် ပင်လယ်ပြင်အထက် လေယာဉ်ပျံသန်းတဲ့ အမြင့် (A)မှ ကုန်းမြေအမြင့် (h)ကို နုတ်ပေးခြင်းအားဖြင့် (H)ကို ရနိုင်ပါသည်။

ဥပမာ။ လေယာဉ်တစ်စင်းသည် ပင်လယ်ရေပြင်အထက် အမြင့်ပေ ၁၂၀၀၀ မှ ပျံသန်းပြီး ကင်မရာဆုံတာ ၆ လက်မဖြင့် ဓာတ်ပုံရိုက်ကူးရာ ဓာတ်ပုံတွင် အမြင့်ပေ ၁၅၀၀ ရှိသည့် တောင်ကုန်းတစ်ခုပါဝင်သည်။ ထိုကောင်းကင်ဓာတ်ပုံ၏ စကေးကိုရှာပါ။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ

တွက်နည်း

ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့် (A) = ၁၂၀၀၀ ပေ
ကင်မရာဆုံတာ (f) = ၆ လက်မ
တောင်ကုန်း၏အမြင့် (h) = ၁၅၀၀ ပေ
ကောင်းကင်ဓာတ်ပုံ၏စကေး (RF) = ?



အသုံးပြုသောပုံသေနည်း **Scale or RF =** $\frac{f}{(A-h)}$

RF = $\frac{\text{၆ လက်မ}}{\text{၁၂၀၀၀-၁၅၀၀ ပေ}}$

= $\frac{\text{၆ လက်မ}}{\text{၁၀၅၀၀×၁၂လက်မ}}$

= $\frac{\text{၆ လက်မ}}{\text{၁၂၆၀၀၀ လက်မ}}$

= $\frac{\text{၁ လက်မ}}{\text{၂၁၀၀၀ လက်မ}}$

RF = ၁ း ၂၁၀၀၀

အဖြေ = ကောင်းကင်ဓာတ်ပုံ၏စကေး ၁း၂၁၀၀၀

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေး နှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်းမှာဆိုရင် ပုံသေနည်းကတော့

Scale or RF = $\frac{PD}{GD}$

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)
PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိအကွာအဝေး (Photo Distance)နဲ့
GD ဆိုတာကတော့ မြေပြင်ပေါ်ရှိအကွာအဝေး (Ground Distance) ဖြစ်တယ်။

ဥပမာ ။ လေယာဉ်တစ်စင်းပေါ်မှ အောက်တဲ့ရိုက် ကောင်းကင်ဓာတ်ပုံရိုက်ကူးရာတွင် ရိုက်ကူးသောဓာတ်ပုံ၏ စကေးမှာ ၁း၁၂၀၀၀ ဖြစ်ပြီး ရွာနှစ်ရွာ၏မြေပြင်ပေါ်ရှိ အကွာအဝေးမှာ ပေ ၃၀၀၀ ဖြစ်လျှင် ထိုရွာနှစ်ရွာ၏ ဓာတ်ပုံပေါ်ရှိ အကွာအဝေးကိုရှာပါ။

တွက်နည်း

ကောင်းကင်ဓာတ်ပုံ၏စကေး (RF) = ၁း၁၂၀၀၀
မြေပြင်ပေါ်ရှိအကွာအဝေး GD = ၃၀၀၀ ပေ
ဓာတ်ပုံပေါ်ရှိအကွာအဝေး PD = ?

အသုံးပြုသောပုံသေနည်း RF = $\frac{PD}{GD}$

PD = GD × RF
PD = (၃၀၀၀ × ၁၂") × $\frac{\text{၁}}{\text{၁၂၀၀၀}}$
PD = ၃၆၀၀၀" × $\frac{\text{၁}}{\text{၁၂၀၀၀}}$
PD = ၃ လက်မ
အဖြေ = ရွာနှစ်ရွာ၏ဓာတ်ပုံပေါ်ရှိ အကွာအဝေး = ၃ လက်မ

(၃) စကေးသိသောမြေပုံနဲ့ နှိုင်းယှဉ်နည်းဖြင့်စကေးရှာနည်းမှာ ပုံသေနည်းကတော့

Scale or RF = $\frac{PD}{MD}$ **x Map Scale**

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)
PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိအကွာအဝေး (Photo Distance)
MD ဆိုတာကတော့ မြေပုံပေါ်ရှိအကွာအဝေး (Map Distance) နဲ့
Map Scale ဆိုတာကတော့ မြေပုံစကေး ဖြစ်တယ်။

ဥပမာ ။ မြေပုံတစ်ပုံပေါ်ရှိ လမ်းဆုံနှစ်ခုတို့၏အကွာအဝေးသည် ၁၂ လက်မဖြစ်ပြီး၊ ယင်းမြေပုံ၏ စကေးမှာ ၁း၅၀၀၀ ဖြစ်သည်။ ထိုလမ်းဆုံနှစ်ခုတို့၏ ဓာတ်ပုံပေါ်ရှိအကွာအဝေးမှာ ၄ လက်မဖြစ်လျှင်၊ ဓာတ်ပုံ၏ စကေးကိုရှာပါ။

တွက်နည်း

မြေပုံပေါ်ရှိအကွာအဝေး MD = ၁၂ လက်မ
မြေပုံ၏စကေး MS = ၁း၅၀၀၀
ဓာတ်ပုံပေါ်ရှိအကွာအဝေး PD = ၄ လက်မ
ဓာတ်ပုံ၏စကေး RF = ?



အသုံးပြုသောပုံသေနည်း RF = $\frac{PD}{MD}$ × MS

= $\frac{\text{၄}}{\text{၁၂}}$ × $\frac{\text{၁}}{\text{၅၀၀၀}}$

= $\frac{\text{၄}}{\text{၆၀၀၀၀}}$

= $\frac{\text{၁}}{\text{၁၅၀၀၀}}$

အဖြေ = ဓာတ်ပုံ၏စကေး ၁ း ၁၅၀၀၀

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင်လေ့လာထားရမယ်။ ပုံသေနည်းပါ သင်္ကေတတွေရဲ့နေရာမှာ မေးခွန်းပုစ္ဆာပါ သက်ဆိုင်ရာကိန်းဂဏန်းများကိုအစားထိုးပြီး တွက်ရမှာဖြစ်တဲ့အတွက် ယေဘုယျအားဖြင့် လွယ်ကူသယောင်ဖြစ်တယ်။ ဒါပေမယ့် ပုံသေနည်းမှာပါတဲ့ သင်္ကေတတွေရဲ့အဓိပ္ပာယ်ကို သိထားရမယ်။ မည်သည့်ပုံသေနည်းကို မည်သည့်ပုစ္ဆာမှာသုံးရမယ်ဆိုတာကို ခွဲခြားမှတ်သားရန် အထူးလိုအပ်တယ်။ နမူနာများကို အထပ်ထပ်လေ့ကျင့်သင့်တယ်။

ကွန်တိုမြေပုံလေ့လာဖြေဆိုခြင်း

ကွန်တိုမြေပုံလေ့လာဖြေဆိုခြင်း အပိုင်းမှာ (က)မှ (ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲခြင်း၊ မြေပုံပါဒေသရဲ့ ဧရိယာနဲ့ လတ္တီကျူ၊ လောင်ဂျီကျူရှာဖွေခြင်း၊ မြန်မာနိုင်ငံရဲ့ မည်သည့်ပြည်နယ်၊ တိုင်းဒေသကြီးအတွင်း တည်ရှိသည်ကို အကြောင်းပြချက်နဲ့ ဖြေဆိုခြင်း၊ မြေပုံပါဒေသရဲ့ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေးပထဝီဝင်နှင့် စီးပွားကုန်ထုတ်လုပ်ငန်းများ စသဖြင့်ပါဝင်တယ်။

(က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲရာမှာ ဒေါင်လိုက်စကေးကို ဦးစွာ ရှာပေးရမှာဖြစ်ပြီး ကွန်တိုမြေပုံမှာ ပေးထားတဲ့ အလျားလိုက်စကေးကို အသုံးပြုတွက်ချက်ရှာဖွေရမယ်။ ဒေါင်လိုက်စကေးကိုရှာရာမှာ မြေမျက်နှာသွင်ပြင်အနိမ့်အမြင့် ပေါ်လွင်စေရန် **၅ ဆ** အထိ ချဲ့သင့်တယ်။ အလျားလိုက် စကေး ၁ လက်မ = ၁ မိုင်ပေါ် မူတည်ပြီး ဒေါင်လိုက် စကေး ၅ ဆချဲ့သော်

၁ လက်မ × ၅ ဆ = ၅ လက်မ = ၁ မိုင် ၅၂၈၀ ပေ

၁ လက်မပေါ်မှာပြန်ရှာရင် = $\frac{\text{၁ × ၅၂၈၀}}{\text{၅}}$ **= ၁၀၅၆ ပေ**

ရလာသောအဖြေကိုပုံဆွဲရာ၌ လွယ်ကူအောင်အနီးဆုံးကိန်းပြည့် **၁၀၀၀ ပေ** ကို ယူရမယ်။ ထို့ကြောင့် **ဒေါင်လိုက်စကေး ၁ လက်မ = ၁၀၀၀ ပေ** ရလာမယ်။ ရရှိလာသောအဖြေကိုအသုံးပြု၍ ပေးထားသောဂရပ်ပေါ်၌ ဖြတ်ပိုင်းပုံကို စကေးကိုက် ရေးဆွဲပေးရမယ်။ ဤနည်းသည် ပုံသေနည်းကဲ့သို့ မည်သည့်စကေးကိုမဆို တွက်နိုင်ရမယ်။

ရေးဆွဲပုံအဆင့်ဆင့်မှာ

၁။ ပထမဦးဆုံးပေးထားသော ကွန်တိုမြေပုံပေါ်ရှိ(က)အမှတ်နှင့်(ခ)အမှတ်တို့ကိုရှာပြီး မျဉ်းဖြောင့်ဖြင့်ဆက်ပါ။



၂။ 'က'နှင့်'ခ' ဖြတ်သန်းရာမျဉ်းတစ်လျှောက်ရှိ ကွန်တိုမျဉ်းများ၏ အမြင့်ပေများကို မှတ်ရမည်။



ဤသို့မှတ်သည့်အခါ ပေးထားသော ကွန်တိုခြားနားချက်ကို သတိပြုရမည်။ ကွန်တိုမျဉ်းသာမက မြစ်၊ ချောင်း၊ အင်းအိုင်၊ မြို့၊ ရွာ၊ လမ်းမှအစ အသေးစိတ် မှတ်သားရမည်။

၃။ 'က' 'ခ' ဖြတ်သန်းရာ မျဉ်းတစ်လျှောက် ကွန်တိုမြေပုံစာရွက်ကို ခေါက်ပါ။

၄။ ဂရပ်စာရွက်ပေါ်မှာ ပေးထားသော ကွန်တိုမြေပုံ၏ 'က' 'ခ' အလျားအတိုင်း အောက်ခြေအလျားအလိုက် မျဉ်းကြောင်းကို တိကျစွာဆွဲပါ။ 'က' နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်း နှင့် 'ခ'နေရာမှ ဒေါင်လိုက်မျဉ်း တစ်ကြောင်းဆွဲပါ။

၅။ ခေါက်ထားသောကွန်တိုမြေပုံစာရွက်ကို မှတ်သားထားသည့်ဂရပ်စာရွက်၏ အောက်ခြေမျဉ်းတွင် 'က' 'ခ' အမှတ်အသားအကွာအဝေးအတိုင်း ဒေါင်လိုက်မျဉ်းနှင့် တစ်ထပ်တည်းကျအောင် ကပ်ပါ။ ပြီးလျှင် ကွန်တိုမြေပုံပေါ်ရှိ အမြင့်ပေများကို ဂရပ်စာရွက်ပေါ်သို့ စကေးကိုက် အမှတ်များချ၍မှတ်ပါ။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့

စာမျက်နှာ ၁၆ မှ

၆။ မှတ်ထားသောအစက်များကို ပြေပြစ်သည့် မျဉ်းကြောင်းများဖြင့် ဆက်လိုက်လျှင် လိုအပ်သော ဖြတ်ပိုင်းပုံကိုရလာမယ် ။



၇။ ဆွဲသည့်အခါ သတိပြုရမည့်အချက်မှာ 'က'နှင့် 'ခ' ကို ဘောင်၌ရှိသော နေရာအမြင့်များ၌ မှန်အောင်ရေးရန်လိုသည်။ မြစ်ဝှမ်းကျယ်ဖြစ်လျှင် ဇလားပုံ၊ ချောင်းငယ်များ၏နေရာတွင် V ပုံသဏ္ဌာန် အနည်းငယ်ချိုင့်ပေးရမည်။ ပုံတွင်ထင်ရှားသော မြစ်၊ ချောင်း၊ အင်းအိုင်၊ လမ်းစသည့် နေရာများကို မျှားများပြပြီး ဖော်ပြရမည်။
၈။ ကုန်းမြေကိုလည်း အနက် (သို့မဟုတ်) အညိုရောင်ခြယ်ပေးသင့်သည်။
၉။ ပုံ၏အပေါ်တွင်ခေါင်းစဉ်တပ်ပြီး ပုံ၏အောက်တွင် အလျားလိုက်နှင့် ဒေါင်လိုက်စကေး နှစ်မျိုးစလုံး ဖော်ပြရမည်။

ဆက်လက်ပြီးပေးထားတဲ့ကွန်တိုမြေပုံဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်။



ဖော်ပြပါ မြေပုံသည် မုံရွာမြို့၏ပတ်ဝန်းကျင်ဒေသပုံဖြစ်တယ်။ 'က' အမှတ်အသားသည် ဒေသ၏ **အနောက်တောင်**ဘက်တွင်ရှိပြီး 'ခ' အမှတ်အသားသည် ဒေသ၏ **အရှေ့**ဘက်တွင် ရှိသည်။
ဒါကြောင့် 'က'မှ 'ခ' ဖြတ်ပိုင်းပုံကို ဆွဲကြည့်လျှင် ဖော်ပြပါအတိုင်း တွေ့ရမည်



'က'နေရာသည် အမြင့်ပေ ၄၀၀ အောက်၌ရှိပြီး **အရှေ့**ဘက်ရှိ 'ခ'သို့ ဆက်ဆွဲရာ ပေ ၃၀၀နှင့် ပေ၇၀၀ကြား ကွန်တိုမျဉ်းများနှင့် ချင်းတွင်းမြစ်၊ မုံရွာမြို့များကိုဖြတ်သန်းပြီး 'ခ' အမှတ်နှင့် ဆက်သွယ်ထားသည်။ 'ခ' အမှတ်သည် အမြင့်ပေ ၃၀၀ အောက်တွင်တည်ရှိသည်။

ကွန်တိုမြေပုံကို ကြည့်ပြီး ဒေသန္တရပထဝီဝင်အကြောင်းကို ဆွေးနွေးရအောင်

မြေပုံပါဒေသ၏ ရူပပထဝီဝင်
တည်နေရာနှင့်အကျယ်အဝန်း

မြေပုံပါဒေသသည်မြောက်လတ္တီကျူ ၂၂˚ ၄' နှင့် ၂၂˚၉' အတွင်းနှင့် အရှေ့လောင်ဂျီကျူ ၉၅˚၄' နှင့် ၉၅˚ ၉' အတွင်း တည်ရှိသည်။ ပုံတွင်မုံရွာမြို့ကိုတွေ့ရခြင်း၊ ချင်းတွင်းမြစ်နှင့် ဘုတလင်မှ စစ်ကိုင်းသို့ သွားသော ကားလမ်း၊ ရထားလမ်းများ တွေ့ရှိရခြင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် တည်ရှိသည်။
မြေပုံ၏အလျား ၄. ၂၅ လက်မနှင့် အနံ ၄. ၅ လက်မရှိ၍ မြေပုံ၏စကေးမှာ ၁ လက်မလျှင် ၁ မိုင် ဖြစ်၍ မြေပုံပါ ဒေသသည် ၁၉. ၁၃ **စတုရန်းမိုင်** ကျယ်ဝန်းသည်။

မြေမျက်နှာသွင်ပြင်နှင့်ရေဆင်း

ပုံတွင် တောင်ကုန်းများရှိရာအပိုင်းနှင့် မြေပြန့်လွင်ပြင်ပိုင်းဟူ၍ နှစ်ပိုင်းတွေ့ရသည်။ တောင်ကုန်းတည်ရှိရာအပိုင်းကို မြေပုံ၏အနောက်တောင်ပိုင်းတွင်တွေ့ရပြီး လက်ပံတောင်းတောင်၏ အမြင့်ဆုံးအပိုင်းမှာ ၁၀၅၇ ပေမြင့်သည်။ တောင်ကုန်းငယ်နှစ်ခုပါဝင်သည့် ယင်းတောင်တွင် အရှေ့ဘက်ရှိတောင်မှာ ပေ၉၀၀ကျော်မြင့်ပြီး အရှေ့ဘက်တွင် ဆင်ခြေလျှောပြေပြစ်သည်။ ယင်းမာပင်သွားသည့်ကားလမ်း၏ မြောက်ဘက်နှင့် ယမားချောင်းအနီးတို့တွင်လည်း ပေ ၅၀၀ကျော်မြင့်သည့် တောင်ကုန်းငယ်များတွေ့ရသည်။
မြေပြန့်လွင်ပြင်ပိုင်းသည် မြေပုံပါဒေသ၏ $\frac{3}{4}$ ကျော်ကျယ်ဝန်းပြီး ယင်းမြေပြန့်လွင်ပြင်၏ အလယ်တွင် ချင်းတွင်းမြစ် ဖြတ်သန်းစီးဆင်းနေသည်။ လွင်ပြင်သည် ပေ ၃၀၀ အောက်နိမ့်သော မြစ်ဝှမ်းလွင်ပြင်ဖြစ်ပြီး အလယ်ပိုင်းရှိ ချင်းတွင်းမြစ်ဘက်သို့ နိမ့်ဆင်းသွားသည်။
အဓိကရေဆင်းမှာ ချင်းတွင်းမြစ်ဖြစ်ပြီး ဒေသ၏အနောက်မြောက်မှ အရှေ့တောင်သို့ ဖြတ်သန်းစီးဆင်းသည်။ ချင်းတွင်းမြစ်သည် တစ်နှစ်ပတ်လုံးရေစီးဆင်းပြီး နွေရာသီတွင် မြစ်လယ်၌ ကျွန်း၊ သဲသောင်များပေါ်ထွန်းသည်။ အနောက်ဘက်မှ ယမားချောင်းနှင့် ချောင်းငယ်များ ချင်းတွင်းမြစ်အတွင်း စီးဝင်သည်။ ယမားချောင်းမှာ သဲပိတ်ချောင်းဖြစ်သည်။

အောက်ခံကျောက်

အလယ်ပိုင်းချိုင့်ဝှမ်းတွင်ပါဝင်၍ အောက်ခံကျောက်မှာ သက်နုကျောက်အမျိုးအစားဖြစ်သည်။ ပုံတွင်ပါရှိသည့် လက်ပံတောင်းတောင်မှ ကြေးနီသတ္တုကို တူးဖော်ရရှိသည်။

ရာသီဥတု

မြောက်လတ္တီကျူ ၂၃½˚ အတွင်း တည်ရှိခြင်း၊ ပေ၃၀၀၀ အောက်နိမ့်သောဒေသဖြစ်ခြင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၏တောင်ပိုင်းတွင်တည်ရှိခြင်းကြောင့် အပူချိန်များသည်။ ပင်လယ်နှင့်အလှမ်းဝေး၍ အပူချိန်ကွာခြားချက်များသည်။ ပုံတွင် သဲပိတ်ချောင်းများတွေ့ရခြင်း၊ မြစ်ချောင်းနည်းခြင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း၏ တစ်စိတ်တစ်ဒေသဖြစ်ခြင်းတို့ကြောင့် မိုးနည်းသည်။ အပူချိန်များပြီး မိုးနည်းခြင်းကြောင့် အပူပိုင်းခြောက်သွေ့ရာသီဥတုရရှိသည်။

သဘာဝပေါက်ပင်

အပူချိန်များပြီး မိုးနည်းသည့်မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင်ပါဝင်၍ ရွက်ပြတ်တောများ၊ ခြောက်သွေ့တောများ ပေါက်သည်။ ထန်း၊ ဆီးပင်၊ ထနောင်းပင်၊ ဆူးချုံတော၊ သနပ်ခါးပင်များ ပေါက်သည်။

မြေဆီလွှာ

အပူချိန်များပြီးမိုးနည်း၍ တောင်ကုန်းများပေါ်တွင် မြေနီသဲဝန်း၊ မြေဝါသဲဝန်းများတွေ့ရှိနိုင်ပြီး မြေပြန့်လွင်ပြင်တွင် စနယ်မြေနှင့် မြစ်ချောင်းများ၊ ကျွန်းများပေါ်တွင် သဲမြေများ တွေ့နိုင်သည်။

မြေပုံပါဒေသ၏ လူမှုရေးပထဝီဝင်ကို လေ့လာကြည့်မယ်ဆိုလျှင်

ပုံတွင်စစ်ကိုင်းတိုင်းဒေသကြီး၏အဓိကမြို့ဖြစ်သည့် မုံရွာမြို့နှင့်ကျေးရွာကြီးများကို ချင်းတွင်းမြစ်ကမ်းအနီးနှင့် ကားလမ်း၊ ရထားလမ်းအနီးတို့တွင် တွေ့ရှိရ၍ လူနေများသောဒေသ ဖြစ်တယ်။
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတည်ရှိ၍ ဗမာလူမျိုးအများဆုံးနေထိုင်ပြီး ချင်းလူမျိုးနှင့် အခြားအနွယ်များလည်းနေထိုင်သည်။ ဗုဒ္ဓဘာသာကို အဓိကကိုးကွယ်ပြီး အခြားဘာသာဝင်များလည်း ရှိတယ်။
မုံရွာမြို့သည် ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းပေါ်တွင်တည်ရှိပြီး ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်းရှိ ဒေသများကို မြန်မာနိုင်ငံအလယ်ပိုင်းနှင့် ဆက်သွယ်ပေးသည့် အဓိကမြို့ကြီးဖြစ်သည်။ ကားလမ်း၊ ရထားလမ်း၊ ရေလမ်း၊ လေယာဉ်လမ်းများ စုဆုံပြီး စီးပွားရေးအခြေခံကောင်းများရှိခြင်းကြောင့် လူနေထိုင်မှုသိပ်သည်းသည့် ကူးသန်းရောင်းဝယ်ရေးမြို့ကြီးဖြစ်သည်။ လယ်တီ၊ ညောင်ပင်ကြီးတို့မှာ ဒေသတွင်းထင်ရှားသည့်ရွာကြီးများဖြစ်ကြသည်။ မုံရွာမြို့နှင့် ကျေးရွာအများစုသည် စုစည်းသော (ရွာစုရွာဝိုင်း) ပုံရှိသည်-

စီးပွားရေးပထဝီဝင်တွင်
စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအနေဖြင့်

ဒေသသည်အပူချိန်များပြီး မိုးရေချိန်နည်းသဖြင့် မြေပြန့်လွင်ပြင်ပေါ်ရှိ ယာမြေများတွင် နှမ်း၊ မြေပဲ၊ ဝါ၊ ပဲအမျိုးမျိုး၊ ဂျုံ၊ ငရုတ်တို့ကိုစိုက်ပျိုးသည်။ ရေသွင်းနိုင်သောဒေသများတွင်စပါးစိုက်ပျိုးသည်။ မြစ်ချောင်းတွင်းသဲသောင်နှင့် ကျွန်းများပေါ်တွင် ကိုင်းကျွန်းသီးနှံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးသည်။ စိုက်ပျိုးရေးနှင့် တွဲဖက်၍ နွား၊ ကြက်၊ ဝက်၊ ဆိတ်၊ သိုး တို့ကို မွေးမြူသည်။
ရေလုပ်ငန်း အနေဖြင့် ဒေသတွင်းစားသုံးရန် ချင်းတွင်းမြစ်နှင့် ချောင်းများမှ ရေချိုငါးဖမ်းလုပ်ငန်းရှိသည်။

သစ်တောထွက်ပစ္စည်းလုပ်ငန်း

ဒေသတွင်းခြောက်သွေ့တောများမှ ဒေသသုံး(ထင်း)နှင့် အခြားသစ်တောထွက်ပစ္စည်းများ ထုတ်ယူသည်။

တွင်းထွက်ပစ္စည်းလုပ်ငန်း

ဒေသအနောက်တောင်ပိုင်းရှိ လက်ပံတောင်းတောင်မှ ကြေးနီသတ္တုတူးဖော်ရေးလုပ်ငန်း ရှိသည်။

စက်မှုလက်မှုလုပ်ငန်း

ဒေသထွက်စိုက်ပျိုးရေးထွက်ကုန်များပေါ်အခြေခံ၍ ဆီစက်၊ ပဲခွဲစက်၊ ဂျုံစက်၊ ဝါကြိတ်စက်၊ ရက်ကန်းစက်၊ စောင်စက်များနှင့် ဒေသပတ်ဝန်းကျင်မှထွက်ရှိသည့် သစ်များကိုခွဲစိတ်သည့် သစ်စက်များ၊ ပရိဘောဂလုပ်ငန်းများနှင့် အထပ်သားစက်ရုံရှိသည်။

ပို့ဆောင်ဆက်သွယ်ရေး

ပုံတွင်တွေ့ရသည့် မုံရွာမြို့သည် ကားလမ်း၊ ရထားလမ်း၊ ရေလမ်းနှင့် လေယာဉ်လမ်းများ စုဆုံရာမြို့ ဖြစ်သည်။ စစ်ကိုင်းမှ ဘုတလင်သို့သွားသောကားလမ်း၊ ရထားလမ်းတို့ မုံရွာမြို့ကို ဖြတ်သန်းသွားသည်။ မုံရွာမှ အရှေ့ဘက်ရှိ သာစည်နှင့် အရာတော်သို့ ကားလမ်းရှိသည်။ အနောက်ဘက်ရှိ ချင်းတွင်းမြစ်ကို ကူးတို့ဖြင့်ကူးပြီး ညောင်ပင်ကြီးမှတစ်ဆင့် ယင်းမာပင်နှင့် ဆားလင်းကြီးသို့ ကားလမ်းရှိသည်။ ဒေသတွင်းကျေးရွာများသို့ လှည်းလမ်း၊ လူသွားလမ်းများနှင့် ဆက်သွယ်ထားသည်။

ကုန်သွယ်ရေး

ဒေသမှထွက်ရှိသော စိုက်ပျိုးထုတ်ကုန်များကို ပြည်တွင်းရှိအခြားဒေသများသို့တင်ပို့ရောင်းချပြီး ဒေသအတွက် လိုအပ်သည့် စားသောက်ကုန်၊ လူသုံးကုန်အဝတ်အထည်၊ ဆေးဝါးများကို ပြန်လည်တင်သွင်းသည်။
ဤအချက်အလက်များသည် ဒေသတစ်ခု၏ ဒေသန္တရပထဝီဝင်အနေဖြင့် ခြုံငုံသုံးသပ်ပေးထားခြင်းဖြစ်သည်။ စာမေးပွဲတွင် ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုရေးပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ စီးပွားကုန်ထုတ်လုပ်ငန်းပထဝီဝင်စသဖြင့် ခွဲမေးတတ်သည့်အတွက် မေးခွန်းကို သတိပြုပြီးဖြေဆိုကြရန်နှင့် လက်တွေ့ပထဝီဝင်အပိုင်းသည် တိကျစွာဖြေဆိုနိုင်မည်ဆိုပါက အမှတ်ပြည့်ရနိုင်သည့်အတွက် သေချာစွာလေ့ကျင့်ထားသင့်ပါသည်ဟု အကြံပြုလိုက်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ ထိထိမိမိဖော်ဆောင် လုပ်ငန်းစဉ် (၈) ရပ်လုံး ဟန်ချက်ညီညီ ဝိုင်းဝန်းဆောင်ရွက်ပါက ပိုမိုထိရောက်နိုင်မည်

နေပြည်တော် ဇန်နဝါရီ ၂၉

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့နံနက် ၆ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်သမဝါယမဦးစီးဌာန၊ သမဝါယမသင်တန်းကျောင်း(တောင်ကြီး)၊ အခြေခံရက်ကန်းသင်တန်းကျောင်း၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းနှင့် ပျားလုပ်ငန်းဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်နယ်သမဝါယမအသင်းစုချုပ်၊ အသင်းစုနှင့် အသင်းများမှ ဥက္ကဋ္ဌနှင့် အသင်းသားများ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းရှင်များအားတွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် တောင်ကြီးမြို့ရှိ ပြည်နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်ဒြပ်သည် တည်ငြိမ်သော နိုင်ငံရေး၊ တောင့်တင်းသော စီးပွားရေး၊ ခိုင်မာသော လူမှုရေးစနစ်များ ရှိရမည်ဖြစ်ကြောင်း၊ ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် သမဝါယမဝန်ကြီးဌာနအနေဖြင့် သမဝါယမအသင်း၊ အစုအဖွဲ့များကို စည်းရုံးဖွဲ့စည်းခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊ ထိန်းကျောင်းတည့်မတ်ပေးခြင်းများ ဆောင်ရွက်နေသကဲ့သို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် နည်းပညာ၊ မျိုးကောင်းမျိုးသန့်များကို ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဟန်ချက်ညီညီ

ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို ထိထိမိမိ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်တစ်ခုချင်း အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းထက် လုပ်ငန်းစဉ်(၈)ရပ်လုံးကို ***စာမျက်နှာ ၃ ကော်လံ ၃*** ❐

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ / ရှမ်းပြည်တပ်မတော် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ တွေ့ဆုံဆွေးနွေးပြီး သဘောတူညီချက်များ လက်မှတ်ရေးထိုး

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း ခေါင်းဆောင်သောအဖွဲ့နှင့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် စဝ်ခေးတိုင်း ခေါင်းဆောင်သော အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇော၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြထွန်းဦး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဒုတိယဝန်ကြီးဦးစိုးတင့်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူတို့နှင့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ပါတီဗဟိုကော်မတီ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် စဝ်ခေးတိုင်း၊ ပါတီဗဟိုကော်မတီဝင်များဖြစ်သော စဝ်ခင်မင်၊ စဝ်ခွန်ဆိုင်၊ စဝ်ခေးမောဝ်၊ စဝ်ကျော်လှ၊ စဝ်ထင်မိန်း၊ စဝ်လောဝ်ခေး၊ စဝ်နော်လိတ်၊ စဝ်ဆေပိန်ဖတို့သည် ဒေသတွင်း ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ကြသည်။

အဆိုပါ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲမပြုလုပ်မီ ပြည်နယ်အဆင့် ပဏာမအကြိုငြိမ်းချမ်းရေးဆွေးနွေးပွဲကို ရှမ်းပြည်နယ် ***စာမျက်နှာ ၃ ကော်လံ ၁*** ◆

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအကြို အနုပညာရှင်များ၏ ရင်ခုန်သံများ

တွေ့ဆုံမေးမြန်း ➤ ခင်ရတနာ၊ ဓာတ်ပုံ ➤ တင်စိုး

(ယမန်နေ့မှအဆက်)

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာ့ရုပ်ရှင်ကြည့်ပရိသတ်ကြီးအားလုံး မျှော်လင့်စောင့်စားနေကြတဲ့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကို နေပြည်တော်မှာ မကြာမီ ကျင်းပတော့မှာဖြစ်ပါတယ်။ အဆိုပါဆုပေးပွဲနှင့်ပတ်သက်ပြီး အနုပညာရှင်အချို့ရဲ့ ရင်ခုန်သံများကို မေးမြန်းရေးသား တင်ပြလိုက်ရပါတယ်။ *စာမျက်နှာ ၆ ကော်လံ ၃* ✻

"မရသေးတဲ့ ကိုယ့်မောင်တွေ၊ ညီမတွေထဲက ဘယ်သူပဲ ရရဝမ်းသာပီတိ ဖြစ်ရမှာပါ"
အကယ်ဒမီမေသန်းနု

မြန်မာ့အလင်း ဖောင်ပိတ်အားကစားသတင်း ဖောင်ပိတ်အားကစားသတင်း

ကမ္ဘာ့အကြီးဆုံးတင်းနစ်ပြိုင်ပွဲအဖြစ် စံချိန်တင်ခဲ့သည့် ဩစတြေးလျအိုးပင်းဖလား ဂျိုကိုဗစ်ဆွတ်ခူး

ကောင်းမြတ်သူ - ရေးသားသည်

မဲလ်ဘုန်း ဇန်နဝါရီ ၂၉

*ကမ္ဘာ့ကျော် တင်းနစ်ကစားသမားများဖြစ်ကြသည့် ရာဖေးလ်နာဒယ်နှင့် နိုဗက်ဂျိုကိုဗစ်တို့သည် ဇန်နဝါရီ ၂၉ ရက်က မဲလ်ဘုန်းမြို့၌ ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ဆားဘီးယားတင်းနစ် ကစားသမား ဂျိုကိုဗစ်**(ယာပုံ)**က ၎င်း၏ဖလားကို ပြန်လည်ဆွတ်ခူး ကာကွယ်နိုင်ခဲ့သည်။*

စာမျက်နှာ ၇ ကော်လံ ၃ ●